# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက် ၊ ကြာသပတေးနေ့ ၊ (13-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **မိမိတို့အနာဂတ် အခြားသူ မဆုံးဖြတ်နိုင်ဖို့ နိုင်ငံသားတိုင်း ဆန္ဒမဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး အောင်မြင်စွာ ပြင်ဆင်ပြီးစီး



**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၂၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းခံခဲ့ရသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းအမွေအနှစ် ဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသော အစိတ်အပိုင်းများကို မြန်မာ့မီးရထားအင်ဂျင်နီယာများက ရှေးမူရင်းလက်ရာဒီဇိုင်းအတိုင်း အောင်မြင်စွာပြန်လည်ပြင်ဆင်ပြီးစီးခဲ့ပြီးဖြစ်သဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ယမန်နေ့တွင် ဂုတ်ထိပ်တံတားကြီးပေါ်၌ ရထားစမ်းသပ်မောင်းနှင်နေခြင်းကို သွားရောက်စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံတမန်များကို မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ ရှင်းလင်းပြောကြား**

စာမျက်နှာ - ၁၆

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှီးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်**

စာမျက်နှာ - ၁၈

**နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့**

ဆောင်းပါး စာမျက်နှာ - ၁၀




ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၃ရက်

**အယ်ဒီတာ့အာဘော်**

# ရွေးကောက်ပွဲ အောင်အောင်မြင်မြင်ပြီးမြောက်စေရေး

ရွေးကောက်ပွဲများသည် မည်သည့်နိုင်ငံတွင်မဆို အလွန်အရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အစောဆုံးအဆင့်များကို ဖြတ်သန်းနေရသော တိုင်းပြည်များအတွက် ပို၍အရေးကြီးသည်။ မိမိတို့နိုင်ငံသည်လည်း စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေး နိုင်ငံရေးရည်မှန်းချက်အရွေ့တစ်ခု ဖော်ဆောင်လျက်ရှိရာ ပန်းတိုင်အမြန်ရောက်ရှိရန် အားလုံးဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုလိုလားတောင့်တသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ထိုသို့ဖော်ဆောင်ရန်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၁) ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ယနေ့မှစ၍ ရွေးကောက်ပွဲကျင်းပရန် ရက်ပေါင်း ၄၅ ရက်သာလိုတော့သည်။ ရွေးကောက်ပွဲကို အပိုင်း (၃) ပိုင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ရွေးကောက်ပွဲအပိုင်း (၁)၊ အပိုင်း (၂) နှင့် အပိုင်း (၃) တို့ကို ရက်သတ္တပတ်နှစ်ပတ်စီခြား၍ ကျင်းပမည်ဖြစ်သည်။

ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ဆန္ဒမဲပေးခြင်းတွင် တက်ကြွပါဝင်ကြရန်လိုအပ်ပေသည်။ မဲပေးသူ ပြည်သူလူထုအနေဖြင့် မိမိနှင့်အမြင်တူ သူ၊ မိမိဖြစ်လိုသည့်ဆန္ဒကို ထပ်တူသို့မဟုတ် အနီးစပ်ဆုံးဖြည့်ဆည်းပေးနိုင်သောသူ၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူလူထု၏အကျိုးစီးပွားကို ကိုယ်စားပြုဖော်ဆောင်နိုင်သူကို ကိုယ်တိုင်ရှာဖွေရွေးချယ်ခွင့်ရရှိမည်ဖြစ်သည်။

ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ ပြည်သူများ ထင်ယောင်ထင်မှားမဖြစ်အောင်ပြောဆိုမှုများ၊ သွေးထိုးလှုံ့ဆော်မှုများ၊ ခြိမ်းခြောက်မှုများ၊ မိမိတို့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုပုံစံမျိုး နိုင်ငံအချို့က ပြောကြားနေမှုများကို တွေ့နေရသည်။ ရွေးကောက်ပွဲအပေါ် ကွဲပြားခြားနားသည့် နိုင်ငံတကာတုံ့ပြန်မှုများရှိနေစေကာမူ မြန်မာ့မိတ်ဖက်နိုင်ငံများ၏ ထောက်ခံမှုများမှာ အခိုင်အမာရရှိထားပြီးဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေအောင်မြင်အောင်ကျင်းပသွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ မည်သို့သောအဖျက်အမှောင့်များရှိနေစေကာမူ ရင်ဆိုင်ကျော်လွှားသွားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံရဲ့အနာဂတ်ကို မြန်မာနိုင်ငံသားများကသာ ဖန်တီးပိုင်ခွင့်ရှိသည်။ မြန်မာ့အရေးကို ရွေးကောက်ပွဲမဲပေးသော မိမိတို့နိုင်ငံသားများကသာ အသိအမှတ်ပြုဆုံးဖြတ်ရမည်ဖြစ်သည်။

လွတ်လပ်ပြီးတရားမျှတသော အထွေထွေရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ကျင်းပသွားမည်ဖြစ်သည်။ ထိုသို့ကျင်းပရာတွင် နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၅ ဦး စုစုပေါင်းကိုယ်စားလှယ်လောင်း ဦးရေ ၅၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုများမရှိစေရန် ခေတ်မီနည်းပညာသုံး MEVM စက်များကိုလည်း အသုံးပြုထားသည်။ ထို့ကြောင့် ရွေးကောက်ပွဲက ထွက်ပေါ်လာသော လွှတ်တော်သည် ဂုဏ်သိက္ခာရှိသော လွှတ်တော်တစ်ရပ်ဖြစ်ကြောင်း ကမ္ဘာကို ချပြနိုင်မည်ဖြစ်မည်။

သို့ဖြစ်ရာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်အရွေ့တစ်ခုသည် အစိုးရ၊ ပြည်သူ၊ တပ်မတော်၊ သက်ဆိုင်ရာအဖွဲ့အစည်းများ ပြိုင်တူဝိုင်း၍တွန်းလှျှင် ပန်းတိုင်ကို မှန်မှန်နှင့်မြန်မြန်ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ယခုကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ပြီးမြောက်စေရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီး ဆန္ဒမဲပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၄၅
ရက်

သာ လိုတော့သည်။

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

# မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်း နှစ် ၁၀၀ ပြည့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး




**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေး မြို့မအပျော်တမ်းတူရိယာအသင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၉၂၅ ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မြို့မအပျော်တမ်း တူရိယာအသင်းသည် မကြာမီ နှစ် ၁၀၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ မန္တလေးနှင့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးသည် ခွဲခြား၍မရပါကြောင်း၊ နှစ် ၁၀၀ ပြည့်ပွဲတော်အခမ်းအနားကို ရတနာပုံခန်းမ၌ နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေး မြို့မအပျော်တမ်းတူရိယာ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်းကြီး နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ နိုင်ငံကျော် အနုပညာရှင်များနှင့်မြို့မတူရိယာ ပင်တိုင်အဆိုရှင်များ ပူးပေါင်း၍ အမှတ်တရတေးသီချင်းများ (အခမဲ့)ထုတ်ဝေခြင်း၊ မြို့မတေးသီချင်း အဆိုပြိုင်ပွဲများဆောင်ရွက်ခြင်းနှင့် အထိမ်းအမှတ်မဂ္ဂဇင်းနှင့် အမှတ်တရတေးသီချင်းများကို နိုဝင်ဘာလလယ်တွင် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရာပြည့်အခမ်းအနားတွင် ထည့်သွင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပြောကြားခဲ့သည်။

ဆက်လက်၍ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၈၅၄ ဧက စိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၈၅၄ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၈၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး နိုဝင်ဘာလတတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါဖူးစားပြောင်းများ ပိုးမွှားအန္တရာယ် မကျရောက်စေရန်၊ အထွက်နှုန်းကောင်းစေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ သာပေါင်းမြို့နယ်အတွင်း ဖူးစားပြောင်းဧက ၁၈၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ ပြောင်းတွေ အထွက်နှုန်းကောင်းမွန်စေဖို့၊ စိုက်နည်းစနစ်မှန်ကန်စေဖို့နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်း အထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့ စနစ်တကျဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်တန်းမြို့နယ် ကျိုက္ကမော့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်တန်း နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုက္ကမော့ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်တန်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က အတိုး၊ အရင်းပေးဆပ်ရန်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇၅ သိန်း ကို ကျိုက္ကမော့ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျိုက္ကမော့ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၃၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# စဉ့်ကိုင်မြို့နယ် နေပူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေပူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နေပူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၃၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၄ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၀၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်စေရေး၊ သဘာဝမြေသြဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ် သဲကုန်းမြောက်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**ညောင်တုန်း နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက သဲကုန်းမြောက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးစေပြီး အလုပ်အကိုင်ရရှိစေရေးအတွက် အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ညောင်တုန်းမြို့နယ်အတွင်းရှိ သဲကုန်းမြောက် ကျေးရွာ၊ ကွင်းကလေးကျေးရွာနှင့် ကွင်းကြီးကျေးရွာ သုံးရွာတို့မှ သင်တန်းသူဦးရေ ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၁ ရက် မှ ဒီဇင်ဘာ ၂၅ ရက်ထိ ၄၅ ရက်ကြာ ကျွမ်းကျင်သင်တန်း နည်းပြဆရာမက စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နှစ်လခွဲစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း နှစ်လခွဲစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း နှစ်လခွဲစပါးတင်းရေ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း နှစ်လခွဲစပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ နှစ်လခွဲစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ စပါးကလဲ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ နှစ်လခွဲစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးက အရောင်းအဝယ် ပိုဖြစ်နေပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၂၄၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါနှစ်လခွဲစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ(၁)

**ဗိုလ်ရှိတ်(ရတနာပူရ)**

ရှေးပညာရှိကြီးများရေးခဲ့သော ရာဇဝင်ကျမ်းများတွင် နယ်မြေတစ်ခု၊ ဒေသတစ်ခု၏ အကြောင်းအရာတစ်ခုတည်းကိုသာ ရေးသားပြုစုထားသော ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများလည်းရှိသည်။ ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများသည် ပြီးပြည့်စုံသောရာဇဝင်ကြီးများကို ရေးသားပြုစုသူများအတွက် များစွာအထောက်အကူပြုသည်။ ပြီးပြည့်စုံသော ရာဇဝင်ကျမ်းများကို ရေးသားပြုစုခဲ့သည့် ပညာရှင်များသည် "ဟိုတစ်စ၊ သည်တစ်စ" ပြန့်ကျဲနေသော ဒေသဆိုင်ရာဇဝင်ကျမ်းများကိုစုပေါင်း၍ ပြီးပြည့်စုံသောနိုင်ငံတော်တစ်ဝန်းလုံးကိုလွှမ်းခြုံသည့် ရာဇဝင်တော်ကြီးများကို ပြုစုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ၏သမိုင်းတန်ဖိုးသည် မသေးလှပေ။ ရှင်ညာဏသည်းခံကြီး ရေးသားခဲ့သော တောင်ငူရာဇဝင်ကို မဟာရာဇဝင်ကြီး၊ မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီးတို့ကို ရေးသားပြုစုခဲ့သည့် ပညာရှိကြီးများက တောင်ငူအကြောင်းကို ရေးရာတွင် ကိုးကားခဲ့ကြရသည်။

**ရေးသားပုံစနစ်**

ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများကို ရေးသားပြုစုခဲ့သည့် ပညာရှင်များသည် မိမိတို့စိတ်အားထက်သန်သည့်ပုံစံများဖြင့် ရေးသားခဲ့ကြသည်။ အချို့က ပါဠိဘာသာဖြင့်ပြုစု၏။ အချို့က စကားပြေသက်သက်ဖြင့်ပြုစု၏။ အချို့က ကဗျာလင်္ကာဖြင့်ဖွဲ့ဆိုသည်။ ထို့ကြောင့် ဒေသဆိုင်ရာရာဇဝင်ကျမ်းများကို ထိုအရေးအသားသုံးမျိုးစလုံးဖြင့် တွေ့ရခြင်းဖြစ်သည်။ ပုဂံရာဇဝင်ပါဠိသည် ပါဠိဘာသာဖြင့် ရေးသားထားခြင်းဖြစ်သည်။ စည်သူကျော်ထင်အမတ်ရေးသားခဲ့သော ဟန်လင်းမြို့သမိုင်းသည် ကဗျာလင်္ကာဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။

**ဒေသဆိုင်ရာ ရာဇဝင်ကျမ်းအရေအတွက်**

မြန်မာသမိုင်းတစ်လျှောက်တွင် ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများစွာပေါ်ထွန်းခဲ့၏။ ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများစာရင်းကို တိတိကျကျကောက်ယူရန်မလွယ်ကူဟုထင်ပါသည်။ အချို့က စာရင်းကိုပင် မတွေ့ရဘဲ တိမ်မြုပ်နေ၏။ အချို့က ပျောက်ဆုံးကုန်၏။ ထို့ကြောင့် စာရင်းအတိအကျသိရန် မလွယ်ကူပါ။ ဒေသဆိုင်ရာ ရာဇဝင်များကိုလေ့လာရာတွင် နယ်မြေဒေသတစ်ခုတည်း၏သမိုင်းကြောင်းကိုပင် ပညာရှင်အသီးသီးက ရေးသားပြုစုခဲ့သောကြောင့် ကျမ်းစောင်ရေ များစွာတွေ့ရသည်။ ရခိုင်ဒေသတစ်ခုတည်း၏သမိုင်းကြောင်းကိုရေးထားသော ရာဇဝင်ကျမ်းပေါင်းသည် ၄၈ စောင်မျှရှိသည်ဟု သုတေသီတို့ကဆိုကြသည်။ ၄၉ စောင်မျှထိရှိသည်ဟုလည်းဆိုကြ၏။ ကရင်ရာဇဝင်ကို ဆရာစောလည်း ပြုစုခဲ့သကဲ့သို့ ဦးပညာလည်း ပြုစုခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် နယ်မြေဒေသတစ်ခု၏ အကြောင်းအရာကိုရေးထားသော ရာဇဝင်ကျမ်းသည် တစ်စောင်မကရှိနိုင်သည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်ပြုစုသော ပိဋကသုံးပုံစာတမ်းတွင် ဒေသဆိုင်ရာ ရာဇဝင်ကျမ်းရှစ်စောင်မျှသာ ပြဆိုထားသည်။ အလွန်နည်းသောအရေအတွက်ဖြစ်သည်။ ဒေသဆိုင်ရာရာဇဝင်ကျမ်းများမှာ ထို့ထက်မကများစွာရှိနိုင်သည်။ ထိုအထဲမှ ထင်ရှားသည့်ကျမ်းများကိုသာ ရွေးနုတ်တင်ပြပါမည်။

**တောင်ငူရာဇဝင်**

ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများတွင် တောင်ငူရာဇဝင်သည် အလွန်ထင်ရှားသောကျမ်းဖြစ်သည်။ မဟာရာဇဝင်ကြီး၊ မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီးတို့တွင် တောင်ငူဆိုင်ရာ မှတ်တမ်းများကို ဤရာဇဝင်မှ ယူငင်အသုံးပြုခဲ့သည်ကို တွေ့ရသည်။ တောင်ငူရာဇဝင်ကို ပြုစုခဲ့သူမှာ ရှင်ညာဏသည်းခံကြီးဖြစ်သည်။ တောင်ငူရာဇဝင်ပြုစုပြီးစီးခဲ့သော ခုနှစ်ကို တိတိကျကျမသိရပေ။ ကျမ်းပြီးနိဂုံးတွင်လည်း ပြုစုပြီးစီးခဲ့သည့်နှစ်ကို တိတိကျကျမဖော်ပြခဲ့သောကြောင့် ကျမ်းပြီးနှစ်ကို သိရန်မလွယ်ကူပါ။ ဆရာကြီးဦးမြင့်ဆွေက ရှင်မဟာသီလဝံသ ပြုစုသော ရာဇဝင်ကျော်ထက်စောပြီး ၁၅ ရာစုတွင် ပြုစုခဲ့သည်ဟုဆိုထားသည်။ တောင်ငူရာဇဝင်ကို ပြုစုခဲ့သည့် ရှင်ညာဏသည်းခံကြီးသည် တောင်ငူတွင် သက္ကရာဇ် ၈၄၃ ခုနှစ်တွင် နန်းတက်သော မင်းစည်သူလက်ထက်မှစ၍ မင်းကြီးညိုလက်ထက်ထိ ထင်ရှားသောပုဂ္ဂိုလ်တစ်ဦးဟုသိရသည်။ ရှင်ညာဏသည်းခံကြီးသည် တောင်ငူရာဇဝင်၌ သူ၏အမည်ကိုထည့်သွင်းအသုံးပြုရေးသားထားသဖြင့် တောင်ငူခေတ် မင်းစည်သူလက်ထက်တွင် ရေးသားပြီးစီးခဲ့သည်ဟု ယူဆရသည်။ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်ကျမ်းပြီးနှစ်မှာ ၈၆၄ နှင့် ၈၈၂ ဟူ၍နှစ်မျိုးတွေ့ရသည်။ တောင်ငူရာဇဝင်ကို ရှင်ညာဏသည်းခံကြီးသည် မင်းစည်သူလက်ထက်ပြုစုခဲ့သည်မှန်လျှင် ရာဇဝင်ကျော်ထက်စောပေသည်။

**ပုံနှိပ်မှု**

တောင်ငူရာဇဝင်ကို ၁၉၂၄ ခုနှစ်တွင် ဆရာကြီးဦးပွားကတည်းဖြတ်၍ တောင်ငူမြို့ ကေတုမတီပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ တောင်ငူရာဇဝင်ပုံနှိပ်ထုတ်ဝေရခြင်းအကြောင်းကို တည်းဖြတ်ခဲ့သူ ဆရာကြီးဦးပွားက တောင်ငူရာဇဝင်နိဒါန်းတွင် ဤသို့ရေးသားထားသည်။

"ဗဟုသုတပညာကို ရှာဖွေစူးစမ်းလေ့ရှိသော တောင်ငူမြို့ ကေတုမတီစာပုံနှိပ်တိုက်ပိုင်ရှင် မြူနီစပယ်ကော်မတီလူကြီး၊ အော်နာရီ တရားသူကြီး ဦးအွန်းစူက မူမှန်စာဟောင်းကို အပေါင်းလူများတို့ မှတ်သားကြည့်ရှုစေခြင်းငှာ တိုက်တွန်းတောင်းပန်ချက်အရ ရန်ကုန်မြို့ ယူနီဗာစတီကောလိပ်ကျောင်း မြန်မာဘာသာ ပျို့လင်္ကာရာဇဝင်ပြ ဥပဇ္ဈာယ်ဆရာကြီး ဆရာပွားက မိမိလက်ဝယ်ရှိသော တောင်ငူရာဇဝင်ဟောင်းကို ပုဂံဝန်ထောက်မင်း ဦးတင် (အေတီအမ်)နှင့်တိုင်ပင်၍ ကိုယ်တိုင်တည်းဖြတ်တိုက်ဆိုင်ပြီးလျှင် ဤနိဒါန်းစကားကိုမူ မိမိကိုယ်တိုင်ရေးသားလျက် အဆိုပါလူကြီးမင်း ဦးအွန်းစူအား မူပိုင်ရိုက်နှိပ်ရောင်းချနိုင်ရန် ခွင့်ပြုလိုက်ကြောင်း" ဟူ၍ ဖြစ်ပေသည်။ ထိုကျမ်းနိဂုံးတွင်လည်း ဆရာကြီးဦးပွားက တောင်ငူရာဇဝင်ပေမူသည် ၁၁ ကြောင်းရေး ၁အင်္ဂါ ၇ချပ်ရှိ ပေမူဖြစ်ကြောင်း ဖော်ပြထားသည်။

ဆရာကြီး ဦးပွားတည်းဖြတ်ထုတ်ဝေခဲ့သော တောင်ငူရာဇဝင်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် ဒေါက်တာမာမာဝေ (ပါမောက္ခ-ငြိမ်း) တည်းဖြတ်၍ ပြန်လည်ထုတ်ဝေထားသည်။

တောင်ငူရာဇဝင်သည် "တောင်ငူဖြစ်စအကြောင်းကား ဤသို့တကား"ဟူ၍အစချီထားပြီး အဘသဝန်လက်ယာက သားတော်သဝန်ကြီးနှင့် သဝန်ငယ်ကို တောင်ငူငယ်နေရာတွင် မြို့တည်ရန် အမှာစကားထားသည်မှစတင်ထား၏။ အဆုံးမှာ သက္ကရာဇ် ၉၁၄ ခုနှစ်တွင် နန်းတက်သော မင်းခေါင်အကြောင်းထိပါသည်။ နိဂုံးတွင် "တောင်ငူမင်းစဉ် ရာဇဝင်မင်းဆက်ကား" ဟုဆိုကာ တောင်ငူမင်း ၃၂ ဆက်၏အမည်ကို ဖော်ပြပြီး အဆုံးသတ်ထား၏။ ဤတွင် တောင်ငူရာဇဝင်၏ နိဂုံးအပိုင်းနှင့်စပ်လျဉ်း၍ ကွဲကွဲပြားပြားသိအောင် ပြောစရာရှိပေသည်။ တောင်ငူရာဇဝင်ကို ပြုစုခဲ့သူမှာ အရှင်ညာဏသည်းခံကြီးဖြစ်သည်။ ရှင်ညာဏသည်းခံကြီးသည် တောင်ငူရာဇဝင်ကို မင်းစည်သူစည်းခုံကြီး တည်သည်ထိသာ ရေးသားခဲ့ခြင်းဖြစ်သည်။

မင်းကြီးညိုလက်ထက်မှစ၍ မင်းတရားရွှေထီးအကြောင်းကို ရာဇဗာဟုနှင့် ကန်ကြီးရှင်သီဝလိတို့က ရေးသားခဲ့ခြင်းဖြစ်သည်။ မင်းကြီး သီဟသူနှင့် မင်းခေါင်အကြောင်းကို နောက်ပညာရှိများက ဆက်လက်ပြုစုရေးသားခဲ့ခြင်းဖြစ်သည်။ တောင်ငူရာဇဝင်နှင့်စပ်လျဉ်းသည့် အထက်ပါအကြောင်းတို့ကို ကွဲကွဲပြားပြား မှတ်သားကြရန်သာဖြစ်ပေသည်။

**တောင်ငူသမိုင်းဟောင်း**

တောင်ငူရာဇဝင်အပြင် တောင်ငူသမိုင်းဟူ၍ ရှိသေး၏။ တောင်ငူသမိုင်းကို ၁၉၀၈ ခုနှစ်တွင် ရန်ကုန်မြို့ ဖြဟ္မာဝတီပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ တောင်ငူသမိုင်းကို ပေမူမှကူးယူပုံနှိပ်ခဲ့ခြင်းဖြစ်ကြောင်း ထိုစာအုပ်နိဒါန်း၌ ဖော်ပြထားသည်။ တောင်ငူသမိုင်းသည် "သာရမဏ္ဍာ၊ စသည်ငါးရပ်၊ ပြည်ပစ်စဉ်လာ"အစချီထားပြီး မဟာသမ္မတမင်းအုပ်စိုးသည့်အကြောင်းမှ စတင်ထားသည်။

တောင်ငူသမိုင်းသည် ရှင်ညာဏသည်းခံကြီး၏ တောင်ငူရာဇဝင်ကဲ့သို့ မင်းဆက်များကို အစဉ်အတိုင်းဖော်ပြမထားပေ။ သို့သော် အချို့အချက်အလက်များသည် တောင်ငူရာဇဝင်ထက်ပို၍ အကျယ်ချဲ့ထားသည်ကို တွေ့ရသည်။ အချို့အရေးအသားများသည် ရှင်ညာဏသည်းခံကြီး၏ တောင်ငူရာဇဝင်ထက်ပို၍ အရေးအသားပြေပြစ်လာသည်ကို တွေ့ရ၏။ သာဓကအားဖြင့်ဆိုရလျှင် တောင်ငူရာဇဝင်တွင် မင်းစောဦးအကြောင်းကို - မင်းဖောင်းကားလွန်လျှင် မင်းသားစောဦးမင်းပြု၏။ မင်းဆက်ကား မင်းစောဦးရွှေ့ တစ်ဆယ့်သုံးဆက်တည်း။ မင်းစောဦးမင်းပြု၍ တစ်နှစ်မကလျှင် ဘုရင်မင်းကြီးစွာက အမှုအရည်ငယ်သည်ဟူ၍ တောင်ငူကိုချ၍ မင်းနေမိကို တိုက်ဆင်ခြောက်ဆယ်နှင့်တကွပေးလေ၏"ဟူ၍ ရေးသားထား၏။

တောင်ငူသမိုင်းတွင် "မင်းဘောင်းကားအနိစ္စရောက်၍ သက္ကရာဇ် ၇၅၄ ခုနှစ်တွင် မင်းစောဦးမင်းပြုလေ၏။ မင်းစောဦးမင်းပြု၍ တစ်နှစ်ရှိလျှင် ငယ်ရွယ်သည်ဟူ၍ သက္ကရာဇ် ၇၅၅ ခုနှစ်တွင် မင်းစောဦးကို ဘုရင်မင်းကြီးစွာစော်ကဲကနုတ်ချ၍ မင်းနေမိကို ဆင် ၆၀ နှင့်တကွ တောင်ငူမြို့ကိုပေးလေ၏။ မင်းစောဦးမှာ အရာကျသောကြောင့် ရာကျစောဦးဟုတွင်လေသတည်း"ဟုဖော်ပြထားသည်။ ထိုနှစ်ပိုဒ်၏ အရေးအသားများကို နှိုင်းယှဉ်ကြည့်က ပိုထင်ရှားပါသည်။

တောင်ငူသမိုင်းရေးခဲ့သူကိုမသိရပေ။ ကျမ်းပြီးနိဂုံးတွင် ကျမ်းပြီးနှစ်ပြဆိုထားခြင်းမရှိသောကြောင့် မည်သည့်ခေတ်တွင် ပြုစုခဲ့သည်ကို တိတိကျကျသိရန် မလွယ်ကူပါ။ သေချာသည်မှာ တောင်ငူသမိုင်းတွင် ရေးသားထားသော အရေးအသားအသုံးအနှုန်းများသည် ရှင်ညာဏသည်းခံကြီး၏ တောင်ငူရာဇဝင်လောက် စကားအသုံးအနှုန်းများ ရှေးကျခြင်းမရှိသဖြင့် တောင်ငူရာဇဝင်ထက် နောက်ကျသည်ဟူ၍ကား ပြောနိုင်ပေသည်။

တောင်ငူရာဇဝင်သည် မင်းဆက်များကိုဖော်ပြရာတွင် အစဉ်အတိုင်း ဖော်ပြသည်။ သဝန်ကြီး၊ သဝန်ငယ်၊ စောနစ်၊ ကရင်ဘ၊ လက်ယာစကြာ၊ ထောက်လှေကား၊ သိင်္ဂပါ စသည်ဖြင့်မင်းဆက်များကို အစဉ်အတိုင်းဖော်ပြသည်။ တောင်ငူသမိုင်းတွင်ကား ထိုကဲ့သို့ အစဉ်အတိုင်းမဖော်ပြပေ။ မင်းကြီးညိုမြို့တည်သည့်အကြောင်း ဖော်ပြပြီးသောအခါ တပင်ရွှေထီးနန်းစံသည်ကို ဖော်ပြသည်။ ထို့နောက် ရွှေနန်းကြော့ရှင် နရပတိအကြောင်း၊ မင်းကြီးညိုမြို့ရွာ နယ်နိမိတ်သတ်မှတ်သည့်အကြောင်း၊ နောက် မင်းတရားရွှေထီး နန်းတက်သည်မှစ၍ နတ်ရှင်နောင်ထိဖော်ပြသည်။ ထိုသို့ဖော်ပြပြီးသောအခါတွင် သဝန်ငယ်နန်းတက်သောအကြောင်း၊ ကရင်ဘနန်းတက်သောအကြောင်းများကို ဖော်ပြပြန်သည်။ နတ်ရှင်နောင်သည် တောင်ငူမင်းဆက်များတွင် နောက်ဆုံးမင်းဆက်ဖြစ်ပြီး သဝန်ငယ်မင်း၊ ကရင်ဘမင်းတို့သည် တောင်ငူမင်းများတွင် အဦးအစမင်းများဖြစ်သည်။ နောက်ဆုံးမင်းဆက် နတ်ရှင်နောင်အကြောင်း ဖော်ပြပြီးမှ အစဆုံးမင်းများကို ဖော်ပြထားခြင်းဖြစ်သည်။ ထို့ကြောင့် တောင်ငူသမိုင်းသည် မင်းစဉ်မင်းဆက်များကို ဖော်ပြရာတွင် တောင်ငူရာဇဝင်ကဲ့သို့ အစီအစဉ်မကျဟုဆိုခြင်းဖြစ်သည်။

**ရခိုင်ရာဇဝင်**

စည်သူဂါမဏိသင်္ကြံ ရေးသားသော ရခိုင်ရာဇဝင်ရှိကြောင်းကို ဦးယမ်၏ပိဋကသုံးပုံစာတမ်းကို ဖတ်၍သိရသည်။ သို့သော်ပေမူဖြင့် တိမ်မြုပ်နေသောကြောင့် ဖတ်ရှုလေ့လာခွင့်မရခဲ့ပါ။ ရခိုင်ရာဇဝင်ပေမူသည် ရန်ကုန်မြို့တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌တည်ရှိပြီး ပေစာတိုက်ပိုင်အမှတ်မှာ (၈၂၀၁) ဖြစ်သည်။ ထိုကဲ့သို့တိမ်မြုပ်နေသော ရခိုင်ရာဇဝင်ကို ဆရာဒွေးဝေစီစဉ်တည်းဖြတ်ကာ ၂၀၁၄ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုကဲ့သို့ ပုံနှိပ်မှသာ ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။

ရခိုင်ရာဇဝင်သည် "ရက္ခပူရမည်သော ရခိုင်ပြည်ကြီးအုပ်စိုးသော မင်းတို့၏အကြောင်းကား" ဟူသောစကားဖြင့် ကျမ်းကိုအစချီထားသည်။

❖ ဒေသဆိုင်ရာရာဇဝင်ကျမ်းများသည် ပြီးပြည့်စုံသော ရာဇဝင်ကြီးများကို ရေးသားပြုစုသူများအတွက် များစွာအထောက်အကူပြုသည်။ ပြီးပြည့်စုံသောရာဇဝင်ကျမ်းများကို ရေးသားပြုစုခဲ့သည့် ပညာရှင်များသည် "ဟိုတစ်စ၊ သည်တစ်စ" ပြန့်ကျဲနေသော ဒေသဆိုင်ရာဇဝင်ကျမ်းများကိုစုပေါင်း၍ ပြီးပြည့်စုံသောနိုင်ငံတော်တစ်ဝန်းလုံးကို လွှမ်းခြုံသည့် ရာဇဝင်တော်ကြီးများကိုပြုစုခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသဆိုင်ရာ ရာဇဝင်ကျမ်းများ၏သမိုင်းတန်ဖိုးသည် မသေးလှပေ။ ရှင်ညာဏသည်းခံကြီး ရေးသားခဲ့သော တောင်ငူရာဇဝင်ကို မဟာရာဇဝင်ကြီး၊ မဟာရာဇဝင်သစ်၊ မှန်နန်းမဟာရာဇဝင်တော်ကြီးတို့ကို ရေးသားပြုစုခဲ့သည့် ပညာရှိကြီးများက တောင်ငူအကြောင်းကိုရေးရာတွင် ကိုးကားခဲ့ကြရသည်။ ❖

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒ့ါအပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၈၂၂၀ စိုက်ပျိုးမည်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာ၌ ပဲတီစိမ်းဧက ၈၂၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၈၂၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ပဲတီစိမ်းများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဒေသခံတောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ ပဲတီစိမ်းဧက ၈၂၂၀ ထိ လျာထားစိုက်ပျိုးသွားဖို့ရှိပါတယ်။ စိုက်ပျိုးသွားမဲ့ ပဲတီစိမ်းတွေ အရည်သွေးကောင်းမွန်ဖို့ အဓိကလုပ်ဆောင်ပေးထားပါတယ်။ လက်ရှိစိုက်ပျိုးမဲ့ ပဲတီစိမ်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့ကိုလဲ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးဖို့ရှိပါတယ်။ အခုနှစ် ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် မစိုက်မီအချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ ဌာနပေါင်းစပ် ဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်းများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ပဲများ စနစ်တကျစိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆောင်းသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကိုလည်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## အောင်မြင်ဖို့

- မနာလို ဝန်တိုခြင်း
  ကင်းရှင်းလို့ နေထိုင်ပါ၊
  မုဒိတာ စိတ်ကောင်းမွေး
  အေးချမ်းစေရာ၊
  ရန်လိုမုန်း အပြစ်ရှာ
  ဒေါသဟာ ဒုက္ခရ၊
  မေတ္တာတွေ လက်ကိုင်သုံး
  ပြုံးမျက်နှာလှ။

- ကျင်လည်ရာ လူ့ဘဝ
  စိတ်သောက ကင်းစေရန်၊
  ဖြတ်လမ်းကို လိုက်မသွား
  ရိုးသားစိတ်ကြံ၊
  အကျင့်သီလ အမြဲမွမ်းမံ
  ပန်းတိုင်ထိ ရောက်စေဖို့၊
  ရှင်သန်လေ အများမဖက်
  ဆောင်ရွက်ကြစို့။

- အောင်မြင်ရန် စိတ်ကောင်းထား
  ကြိုးစားလို့ လိုက်နာလေ၊
  ဝန်တိုလျှင် ပူလောင်ရ
  ဒုက္ခများပေ၊
  အေးချမ်းသည့် ဘဝတွေ
  ဖြစ်ပါစေ သတိထား၊
  လူဖြစ်ချိန် တန်ဖိုးမြင့်
  တွေးချင့်စေသား။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

á **စာမျက်နှာ ၄ မှအဆက်**

မင်းဆက်များ ကိုဖော်ပြရာတွင် ဒွါရာဝတီသံတွဲမြို့မှ ဝါသုဒေဝ၊ ဗလဒေဝ၊ နမတော် အဉ္ဇနဒေဝီ၊ ပုရောဟိတ်ပုဏ္ဏားတို့သည် ထွက်ပြေးခဲ့သည်။ လမ်းခရီးတွင် နှစ်ဦးကွယ်လွန်ခဲ့ပြီး ပုရောဟိတ်ပုဏ္ဏားနှင့် အဉ္ဇနဒေဝီတို့သည် ဝေသာလီပြည်သို့ရောက်ရှိကာ ရှင်ဘုရင်နှင့် မိဖုရားဖြစ်သည်မှစတင်ထားသည်။ အဆုံးသတ်ကို ရခိုင်မင်းဖစောမင်းနန်းတက်ပြီးစကာလတွင် အဆုံးသတ်ထားသည်။ ဤရာဇဝင်၏ ထူးခြားချက်မှာ ပုဂံပျူစောထီးမင်းကို သရေခေတ္တရာပျူမင်းဟု ဖော်ပြထားခြင်းဖြစ်သည်။ သရေခေတ္တရာနှင့် ပုဂံကိုဆက်စပ်ပေးသည့် လမ်းစဟုဆိုနိုင်သည်။

ရခိုင်ရာဇဝင်ရေးသားပြုစုပြီးသောနှစ်ကို မသိရပေ။ ကျမ်းပြီးနိဂုံးတွင် ပေကူးနှစ်သာပါပြီး ကျမ်းပြီးနှစ်မပါပေ။ ပေကူးနှစ်ကို "သက္ကရာဇ် ၁၂၄၃ခု တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ နေ့သုံးချက်တော်အချိန်တွင် ရခိုင်ရာဇဝင်ကိုရေးကူး၍ပြီးသည်"ဟူ၍ဖော်ပြထားသည်။ ၁၂၄၃ ခုနှစ်သည် ၁၁၂၄၃ ခုနှစ်ကိုဆိုခြင်းဖြစ်သည်။ ရှေးကပေအရေးအသားများတွင် ထောင်ကျော်သက္ကရာဇ်များကိုရေးရာ၌ အစွန်းထွက်သည့်နှစ်ကို ရေးသားသည့်ဓလေ့ရှိကြသည်။ ထို့ကြောင့် ၁၁၂၄၃ ခုနှစ်ကို အစွန်းထွက် ၁၂၄၃ ခုဟု ရေးသားခြင်းဖြစ်သည်။

ရခိုင်ရာဇဝင်ကိုရေးသားပြုစုခဲ့သော စည်သူဂါမဏိသင်္ကြံ၏ ဘဝအတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံမသိရသေးပေ။ ပိဋကတ်တော်သမိုင်း၌ စည်သူဂါမဏိသင်္ကြံ၏ ရာထူးနှင့်ဘွဲ့အမည်အပြည့်အစုံကို မဟာရတနာပုံတိုက်စိုး စည်သူဂါမဏိသင်္ကြံဟုဖော်ပြထားသည်။ စည်သူဂါမဏိသင်္ကြံသည် ရခိုင်ရာဇဝင်အပြင် ဇင်းမယ်ရာဇဝင်ကိုလည်း ပြုစုခဲ့သေးသည်။ ဇင်းမယ်ရာဇဝင်ကို ဆရာကြီးဦးသော်ကောင်းနှင့် ဒေါ်ခင်ခင်အေးတို့စီစဉ်တည်းဖြတ်၍ ၂၀၁၆ ခုနှစ်တွင် မြန်မာသမိုင်းအဖွဲ့က ပုံနှိပ်ထုတ်ဝေခဲ့သည်။

ဆရာကြီး ဦးစိုင်းအောင်ထွန်းက စည်သူဂါမဏိသင်္ကြံ၏ဘဝအကြောင်းကို အောက်ပါအတိုင်း ခန့်မှန်းဖော်ပြခဲ့သည်။

"စည်သူဂါမဏိသင်္ကြံသည် တိုင်းရင်းသားလူမျိုးများထဲမှ မည်သူဖြစ်နိုင်မည်နည်းဟုစဉ်းစားစရာဖြစ်လာသည်။ စည်သူဂါမဏိသင်္ကြံသည် မြန်မာတိုင်းရင်းသား သို့မဟုတ် ရှမ်းတိုင်းရင်းသား သို့မဟုတ် မွန်တိုင်းရင်းသားပညာရှင်ဖြစ်နိုင်သည်။ သူသည် ရှမ်းဘာသာ၊ ယွန်းရှမ်းဘာသာနှင့် ထိုင်းဘာသာစာပေများကို တတ်ကျွမ်းသူပညာရှင်တစ်ဦးဖြစ်နိုင်သည်။ ဤဘာသာရပ်များကို ဖတ်ရှုလေ့လာပြီး မြန်မာဘာသာသို့ ပြန်ဆိုရေးသားသည်ဟုယူဆနိုင်သည်။ စည်သူဂါမဏိသင်္ကြံဘွဲ့သည် စစ်သူကြီးများကိုပေးသောဘွဲ့ဖြစ်သောကြောင့် စည်သူဂါမဏိသင်္ကြံသည် ဘုရင့်တပ်မတော်တွင် ဆင်တပ်၊ မြင်းတပ်များကို ဦးစီးရသော စစ်သေနာပတိ သို့မဟုတ် စစ်သူကြီးဖြစ်ကြောင်း ထင်ရှားသည်။ စည်သူဂါမဏိသင်္ကြံသည် စစ်ရေးကိစ္စများတွင် ကျွမ်းကျင်သည်သာမက အုပ်ချုပ်ရေးရာတွင်လည်း ကျွမ်းကျင်သူတစ်ဦးဖြစ်ပြီး စာပေဝါသနာထုံသူပညာရှင်တစ်ဦးလည်းဖြစ်သည်။ နောင်တော်ကြီး(ဒီပဲယင်းမင်း) မင်းတရားကြီး (၁၇၆၀-၁၇၆၃ ခုနှစ်)နှင့် ဆင်ဖြူရှင်(မြေဒူးမင်း) မင်းတရားကြီး (၁၇၆၃-၁၇၇၆ ခုနှစ်) လက်ထက်တွင် သူသည် မဟာရတနာပုံစာကြည့်တိုက် သို့မဟုတ် ရတနာပုံအကောက်ခွန်တိုက်ကို ကြီးကြပ်အုပ်ချုပ်ရကြောင်း သိရှိရသည်"ဟူ၍ဖြစ်သည်။


ဤတွင် ထပ်မံလေ့လာရမည့်အချက်မှာ မဟာရတနာပုံတိုက်ဟူသောအမည်ပင်ဖြစ်လေသည်။ မဟာရတနာပုံတိုက်သည် ပိဋကတ်တော်များထားရှိရာ မဟာရတနာဘုံ ပိဋကတ်တိုက်ဟူ၍လည်းရှိသလို ပြည်ပမှသင်္ဘောများ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်သည့်အခါ မြို့၌ ရာဇဝတ်ရေး၊ လုံခြုံရေး၊ ကုန်သွင်းအကောက်အခွန်အရေးဌာနဖြစ်သော ရတနာပုံတိုက်တော်ဟူ၍လည်းရှိသည်။

တချို့ကလည်း မဟာရတနာပုံတိုက်တော်သည် ရတနာရွှေငွေကျောက်သံပတ္တမြားများ ထားရှိသောရွှေတိုက် သို့မဟုတ် အကောက်ခွန်စည်းကြပ်ရန်အတွက် ခေတ္တသိုလှောင်ထားသော အခွန်တိုက်၊ ယခုအခေါ် အကောက်ခွန်ဌာန(Customs House) ဖြစ်နိုင်ကြောင်း ယူဆကြသည်။ ဒေါက်တာတိုးလှကလည်း ရတနာပုံတိုက်ကို ယိုးဒယားမှ ဖမ်းဆီးခေါ်ဆောင်လာသောသုံ့ပန်းများဖြင့် ဖွဲ့စည်းထားသောအစုအဖွဲ့ဟူ၍လည်းဆိုထားသည်။

အထက်တွင်ဖော်ပြခဲ့သော ရတနာပုံတိုက်တော်၏ အလုပ်အကိုင်များကို စည်သူဂါမဏိသင်္ကြံရရှိခဲ့သောဘွဲ့ဖြင့် ချိန်ထိုးကြည့်နိုင်သည်။ မြန်မာမင်းများလက်ထက်က စည်သူ၊ ဂါမဏိ၊ သင်္ကြံဟူသောဘွဲ့များသည် ရာထူးအတော်အတန်ကြီးမားသော မှူးကြီးမတ်ကြီး၊ စစ်သူကြီးများကို ပေးသောဘွဲ့များဖြစ်သည်။ ထို့ကြောင့် စစ်သူကြီးတစ်ဦးရရှိခဲ့သော အလုပ်အကိုင်သည် ရတနာပုံပိဋကတ်တိုက်အမှုထမ်းမဖြစ်နိုင်ဘဲ အကောက်ခွန်တိုက်တော်ကို အုပ်ချုပ်ရသည့် မဟာရတနာပုံတိုက်စိုးသည်သာ သင့်လျော်သည်ဟုယူဆမိသည်။ ယခုထက် ခိုင်လုံတိကျသော မှတ်တမ်းမတွေ့မီ စည်သူဂါမဏိသင်္ကြံအမှုထမ်းခဲ့သော ရတနာပုံတိုက်တော်သည် အကောက်အခွန်တိုက်တော်ကိုသာဆိုလိုသည်ဟု ယာယီအားဖြင့် မှတ်သားသင့်ပေသည်။

## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် စပိန်ဘုရင် ဖိလစ်ပီ-၆ ပေကျင်းမြို့၌ တွေ့ဆုံ



ပေကျင်း နိုဝင်ဘာ ၁၂

ပေကျင်းမြို့သို့ ရောက်ရှိနေသော စပိန်ဘုရင် ဖိလစ်ပီ-၆နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယနေ့တွင် ပြည်သူ့မဟာခန်းမဆောင်၌ တွေ့ဆုံခဲ့ကြကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

စပိန်ဘုရင် ဖိလစ်ပီ-၆ သည် ၁၈ နှစ်တာကာလအတွင်း တရုတ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်သည့် ပထမဆုံးစပိန်ဘုရင်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုမြှင့်တင်ရန် စပိန်နိုင်ငံက ကြိုးပမ်းနေချိန်တွင် တရုတ်နိုင်ငံသို့ စပိန်ဘုရင် ဖိလစ်ပီ-၆ ရောက်ရှိနေခြင်းဖြစ်သည်။

ကမ္ဘာကြီးအနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းသိမ်းပေးမည့် အပြုသဘောဆောင်သည့်အင်အားစုများ ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း စပိန်ဘုရင်နှင့်တွေ့ဆုံစဉ် တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့သည်။

စပိန်ဘုရင် ဖိလစ်ပီ-၆နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယနေ့တွင် နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့သည်။

စပိန်ဘုရင် ဖိလစ်ပီ-၆ သည် တရုတ်နိုင်ငံ ခရီးစဉ်အတွင်း တရုတ်ဝန်ကြီးချုပ်လီချန်း၊ တရုတ်အမျိုးသား ပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ကျောက်လီကျိတို့နှင့် တွေ့ဆုံဆွေးနွေးရန်လည်း စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နှစ်နိုင်ငံနယ်စပ် မြေမြှုပ်မိုင်းများပြဿနာအတွက် တောင်းပန်ရန် ကမ္ဘောဒီးယားကို ထိုင်းနိုင်ငံတောင်းဆို

ဗန်ကောက် နိုဝင်ဘာ ၁၂

နှစ်နိုင်ငံ နယ်စပ်မြေမြှုပ်မိုင်းများပြဿနာအတွက် တရားဝင်တောင်းပန်ရန် ကမ္ဘောဒီးယားနိုင်ငံကို ထိုင်းနိုင်ငံက တောင်းဆိုထားသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ယနေ့တွင် ထုတ်ဖော်ပြောကြားထားကြောင်း Xinhuaသတင်းဌာနက ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၁၀ ရက်တွင် နှစ်နိုင်ငံနယ်စပ်၌ဖြစ်ပွားခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ထိုင်းတပ်ဖွဲ့ဝင်များဒဏ်ရာရခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာနေချိန်တွင် ထိုင်းနိုင်ငံက အဆိုပါအတိုင်း တောင်းဆိုထားခြင်းဖြစ်သည်။

နှစ်နိုင်ငံပိုင်ဆိုင်ခွင့်အငြင်းပွားနယ်စပ်တစ်လျှောက်ကမ္ဘောဒီးယားနိုင်ငံက မြေမြှုပ်မိုင်းများထပ်ချနေကြောင်း ထိုင်းနိုင်ငံက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို ကမ္ဘောဒီးယားနိုင်ငံက ငြင်းဆိုထားသည်။

နိုဝင်ဘာ ၁၀ ရက် နယ်စပ်မြေမြှုပ်မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရေးလုပ်ငန်းကို စတင်ရပ်ဆိုင်းထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယားတို့သည် ယခုနှစ်ဇူလိုင်လအတွင်း မြေမြှုပ်မိုင်းများ ပြဿနာကို အကြောင်းပြု၍ ငါးရက်ကြာနယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့သည်။

အဆိုပါနယ်စပ်ပဋိပက္ခများကို ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်ရေတပ် လေယာဉ်တင်သင်္ဘော လက်တင်အမေရိကဒေသသို့ ရောက်ရှိနေ

ဝါရှင်တန် နိုဝင်ဘာ ၁၂

ယူအက်စ်အက်စ် ဂျရယ်ဖို့ဒ် ဦးဆောင်သောအမေရိကန်ရေတပ်သင်္ဘောအုပ်စုကို လက်တင်အမေရိကဒေသသို့ ရွှေ့ပြောင်းနေရာချထားသည်ဟု အမေရိကန်အစိုးရတာဝန်ရှိသူများက နိုဝင်ဘာ ၁၁ ရက်တွင် အတည်ပြုပြောကြားထားကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

လက်တင် အမေရိကဒေသသို့ ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောဦးဆောင်သည့် ရေတပ်အုပ်စုကို နေရာရွှေ့ဖြန့်ကြက်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်လအတွင်းကပင် ညွှန်ကြားထားသည်။

အမေရိကန်နိုင်ငံသည် မူးယစ်မှောင်ခိုနှိမ်နင်းရေး လုပ်ငန်းစဉ်အရ လက်တင်အမေရိကဒေသသို့ စစ်သင်္ဘောရှစ်စီး၊ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတစ်စီးနှင့် အက်ဖ်-၃၅ တိုက်လေယာဉ်များဖြန့်ကြက်ထားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောဦးဆောင်သည့် ရေတပ်အုပ်စုသည်လည်း လက်တင်အမေရိကသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် စစ်ရေးတာဝန်များစတင်ရယူခဲ့သော ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောသည် ကမ္ဘာ့အကြီးဆုံးလေယာဉ်တင်သင်္ဘောဖြစ်သည်။

လက်တင်အမေရိက ဒေသ၌ အမေရိကန်အစိုးရက စစ်အင်အားတည်ဆောက်မှုများ မြှင့်တင်လာမှုကြောင့် အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



# အနာဂတ်ပါလက်စတိုင်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှုအတွက် ပြင်သစ်နိုင်ငံကူညီပေးမည်ဟု သမ္မတမက်ခရွန် ထုတ်ဖော်ပြောကြား

ပဲရစ် နိုဝင်ဘာ ၁၂

အနာဂတ်ပါလက်စတိုင်းနိုင်ငံသစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် မိမိတို့အနေဖြင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့ကို အကူအညီပေးမည်ဟု ပြင်သစ်သမ္မတ မက်ခရွန်က နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။



ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ပဲရစ်မြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ပြင်သစ်သမ္မတမက်ခရွန်က အဆိုပါအတိုင်း အကူအညီကမ်းလှမ်းထားခြင်းဖြစ်သည်။

ပြင်သစ်နှင့် ပါလက်စတိုင်းအာဏာပိုင်အဖွဲ့တို့ အနေဖြင့် အနာဂတ်ပါလက်စတိုင်းနိုင်ငံသစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရန် ပူးတွဲကော်မတီတစ်ရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတမက်ခရွန်က ထုတ်ဖော်ပြောကြားထားသည်။

ပြင်သစ်နိုင်ငံ အပါအဝင် ဥရောပအင်အားကြီး နိုင်ငံအတော်များများသည် ယခုနှစ် စက်တင်ဘာလအတွင်း ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် တရားဝင်အသိအမှတ်ပြုထားသည်။

အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံ ယှဉ်တွဲရပ်တည်ရေး သဘောတရားကို အားပေးမြှင့်တင်သည့်အနေဖြင့် ဥရောပအင်အားကြီးနိုင်ငံများက ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုထားကြခြင်းဖြစ်သည်။

အရှေ့ဂျေရုဆလင်၊ ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘက်ကမ်းတို့ ပါဝင်သော အနာဂတ်ပါလက်စတိုင်းနိုင်ငံသစ်ကိုတည်ထောင်ရန် ပါလက်စတိုင်းလူမျိုးများက မျှော်လင့်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တူကီယဲတပ်မတော်သယ်ယူပို့ဆောင်ရေးလေယာဉ် ဂျော်ဂျီယာနိုင်ငံ၌ ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင် ဦးရေ ၂၀ သေဆုံး

အင်ကာရာ နိုဝင်ဘာ ၁၂

တူကီယဲတပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်း ဂျော်ဂျီယာနိုင်ငံ၌ နိုဝင်ဘာ ၁၁ ရက်က ပျက်ကျခဲ့ရာ လိုက်ပါလာသည့် တူကီယဲတပ်ဖွဲ့ဝင် ဦးရေ ၂၀ သေဆုံးခဲ့ရကြောင်း RT သတင်းဌာနက ဖော်ပြခဲ့သည်။

စီ-၁၃၀အမျိုးအစား အဆိုပါ စစ်သုံး သယ်ယူပို့ဆောင်ရေး လေယာဉ်သည် အဇာဘိုင်ဂျန်နိုင်ငံမှ တူကီယဲနိုင်ငံသို့ ဦးတည်ပျံသန်းနေစဉ် အဇာဘိုင်ဂျန်နယ်စပ်အနီး ဂျော်ဂျီယာနယ်မြေ၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် လေယာဉ်ပျက်ကျရာနေရာသို့ တူကီယဲစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိနေပြီဖြစ်ကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တူကီယဲစစ်သုံးသယ်ယူပို့ဆောင်ရေးလေယာဉ်သည် ဂျော်ဂျီယာလေပိုင်နက်အတွင်း ဝင်ရောက်ခဲ့ပြီး မိနစ်အနည်းငယ်အကြာတွင် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ကြောင်း ဂျော်ဂျီယာအရပ်ဘက်လေကြောင်း အာဏာပိုင်အဖွဲ့၏ အဆိုအရ သိရသည်။

စီ-၁၃၀ လေယာဉ်များသည် စစ်သည်များ သယ်ယူပို့ဆောင်ရေး၊ ထောက်ပို့လုပ်ငန်းများ ပြုလုပ်ရေးတို့အတွက် တူကီယဲတပ်မတော်က ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည့် လေယာဉ်များ ဖြစ်ကြကြောင်း သိရသည်။

တူကီယဲနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့သည် စစ်ရေးဆက်ဆံမှု အားကောင်းခိုင်မာသော နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီက စီးရက်စ်-၁ ဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်းလွှတ်တင်ခဲ့ရာ အောင်မြင်မှုမရှိခဲ့



**ပေကျင်း နိုဝင်ဘာ ၁၂**

တရုတ်နိုင်ငံအခြေစိုက် ဂလက်စတစ်အင်နာဂျီ အာကာသနည်းပညာကုမ္ပဏီသည် နိုဝင်ဘာ ၁၁ ရက်တွင် စီးရက်စ်-၁ ဒုံးပျံဖြင့် ဂြိုဟ်တုသုံးစင်း လွှတ်တင်ခဲ့ရာ အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

ဂလက်စတစ် အင်နာဂျီ အာကာသနည်းပညာ ကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိုကွမ်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ပြီးနောက် စီးရက်စ်-၁ ဒုံးပျံ၏ နောက်ဆုံးအဆင့် ဒုံးကန်အားစနစ်များ ဖောက်ပြန်ခဲ့မှုကြောင့် မစ်ရှင်ပျက်ပြားခဲ့ရပြီး ဂြိုဟ်တုသုံးစင်းဆုံးရှုံးခဲ့ရကြောင်း ဂလက်စတစ်အင်နာဂျီကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလကလည်း စီးရက်စ်-၁ ဒုံးပျံမစ်ရှင်ပျက်ပြားမှုကြောင့် ဂြိုဟ်တုများဆုံးရှုံးခဲ့ရဖူးသည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် ကိုယ်ထည်အလျား ၆၂ ပေခန့်ရှိသော စီးရက်စ်-၁ ဒုံးပျံကို ၂၂ ကြိမ်လွှတ်တင်ခဲ့ရာ အကြိမ် ၂၀ အောင်မြင်မှုရရှိခဲ့သည်။

ဂလက်စတစ်အင်နာဂျီကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံထက် စွမ်းဆောင်ရည်ပိုမြင့်မားသော စီးရက်စ်-၂ ဒုံးပျံနှင့် ပေါလပ်စ်-၁ ဒုံးပျံသစ်များကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာ၏ ဆိုက်ခီအာကာသယာဉ်က ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဆိုက်ခီ အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။



အဆိုပါဓာတ်ပုံများကို မိုင်ပေါင်း သန်း ၁၈၀ အကွာမှတစ်ဆင့် ဆိုက်ခီအာကာသယာဉ်ကင်မရာစနစ်များက ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဆိုက်ခီအာကာသယာဉ်အနေဖြင့် တပ်ဆင်ထားသည့် ကင်မရာစနစ်များ၏ စွမ်းဆောင်ရည်ကို စမ်းသပ်သည့်အနေဖြင့် ကမ္ဘာဂြိုဟ်နှင့် ဂြိုဟ်ရံလတို့ကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်း ဖြစ်ကြောင်း နာဆာ တာဝန်ရှိသူများက ပြောကြားသည်။

ဆိုက်ခီအာကာသယာဉ်သည် ၎င်းဓာတ်ပုံများကို ယခုနှစ် ဇူလိုင်လအတွင်း ရိုက်ကူးထားခြင်းဖြစ်ကြောင်း နာဆာအဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နာဆာအဖွဲ့သည် ဆိုက်ခီ အာကာသယာဉ်ကို ဆိုက်ခီအမည်ရှိ သတ္တုဂြိုဟ်သိမ်တစ်စင်းကို လေ့လာရေးအတွက် လွှတ်တင်ထားခြင်းဖြစ်ပြီး ဆိုက်ခီအာကာသယာဉ်သည် ၂၀၂၉ ခုနှစ်တွင် ဆိုက်ခီ သတ္တုဂြိုဟ်သိမ်ဆီသို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက နိုဝင်ဘာ ၁၁ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် နိုဝင်ဘာ ၁၁ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၉ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၉ စင်းကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်။

နိုဝင်ဘာ ၁၁ ရက် မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်ဂြိုဟ်တုကွန်ရက်၌ အင်တာနက်ဝန်ဆောင်မှုပေးနိုင်သည့် ဂြိုဟ်တုစင်းရေမှာ ၈၈၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၄၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## စိတ်ကျန်းမာရေးပြဿနာကြောင့် အသက်ငယ်ငယ်ဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**နယူးယောက် နိုဝင်ဘာ ၁၂**

စိတ်ကျဝေဒနာကဲ့သို့ အဖြစ်များသည့် စိတ်ကျန်းမာရေး ပြဿနာများကြောင့် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

စိတ်ကျဝေဒနာ၊ စိုးရိမ်သောကဝင်ရောက်မှုနှင့် စိတ်ဖိစီးမှု ပြဿနာများသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်မှုနှင့် သီးခြားစီဆက်စပ်နေကြောင်း ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များ၌ တင်ပြခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါစိတ်ကျန်းမာရေးပြဿနာသုံးမျိုးအနက် တစ်မျိုး သို့မဟုတ် တစ်မျိုးနှင့်အထက်ရှိသူများတွင် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် အထက်ပါစိတ်ကျန်းမာရေးပြဿနာများ ခံစားနေရသည့် အယ်ဇိုင်းမား လူနာများမှာလည်း စိတ်ကျန်းမာရေးပြဿနာမရှိသူ အယ်ဇိုင်းမား လူနာများထက် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုပြဿနာကို ကြုံရနိုင်ခြေပိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျန်းမာရေးပြဿနာရှိနေသူများသည် မရှိသူများထက် အယ်ဇိုင်းမားရောဂါလက္ခဏာများ ပေါ်လာချိန်မှာ နှစ်နှစ်နှင့် ခြောက်နှစ်ကြား ပို၍စောနေတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကဖင်းဓာတ်ပါကော်ဖီသောက်သုံးမှုက နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ(A-Fib) ရှိနေသူများအတွက် ဘေးကင်းလုံခြုံမှုရှိ

**နယူးယောက် နိုဝင်ဘာ ၁၂**

ကဖင်းဓာတ်ပါကော်ဖီသောက်သုံးမှုသည် နှလုံးခုန်နှုန်းမူမမှန်မှု ပြဿနာ(A-Fib) ရှိနေသူများအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၁၁ ရက်တွင် ပြောကြားသည်။

ထို့ပြင် ကော်ဖီသောက်သုံးမှုသည် နှလုံးခုန်နှုန်းမူမမှန်မှု ပြဿနာတစ်ကျော့ပြန်ပေါ်လာနိုင်မှုကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာရှိခဲ့သူ သက်ကြီးပိုင်းဦးရေ ၂၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်လေ့လာမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကော်ဖီသောက်သုံးမှုသည် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာ ရှိခဲ့သူများအတွက် ဘေးကင်းလုံခြုံမှုရှိသည့်အပြင် ၎င်းပြဿနာတစ်ကျော့ပြန်ပေါ်ထွက်နိုင်ခြေကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာသည် အဖြစ်များသည့်နှလုံးကျန်းမာရေးပြဿနာတစ်ခုဖြစ်ပြီး ၎င်းပြဿနာကြောင့် နှလုံးရပ်တန့်မှု၊ လေဖြတ်မှုတို့ဖြစ်ပွားနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မိမိကစားသမားဘဝ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်လာမည်ဟု စီရော်နယ်ဒို အတည်ပြု



**လစ္စဘွန်း နိုဝင်ဘာ ၁၂**

ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်လာမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၀ ရှိ စီရော်နယ်ဒိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ပြီးခဲ့သည့် ၂၀၀၂ ခုနှစ်က စတင်ခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ၎င်း၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို မန်ယူအသင်းနှင့်အတူ အောင်မြင်မှုများ စတင်ရယူနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် စီရော်နယ်ဒိုသည် ၂၀၀၉ ခုနှစ်က မန်ယူအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ကစားသမားဘဝ အသင်းလိုက် ဆုဖလားများအပြင် တစ်ဦးချင်းဆုများနှင့် စံချိန်မှတ်တမ်းကောင်းများစွာ ရယူနိုင်ခဲ့သူဖြစ်သည်။

ထို့နောက် စီရော်နယ်ဒိုသည် ၂၀၁၈ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ ဂျူဗင်တပ်အသင်း၊ ၂၀၂၁ ခုနှစ်တွင် ဂျူဗင်တပ်အသင်းမှ မန်ယူအသင်း၊ ၂၀၂၂ ခုနှစ်တွင် မန်ယူအသင်းမှ အယ်နာဆာအသင်းသို့ အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုသည် အသက် ၄၀ ရောက်ရှိနေပြီ ဖြစ်သော်လည်း လက်ရှိအချိန်ထိ အယ်နာဆာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ယခုနှစ်ဘောလုံးရာသီတွင် အယ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၁ ပွဲကစားထားပြီး ၁၀ ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

စီရော်နယ်ဒိုက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် မိမိအတွက် နောက်ဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်လာမည်ဟု အတည်ပြုခဲ့သော်လည်း ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အနားယူရန် အစီအစဉ်ရှိ၊ မရှိကို ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# အတ္တလန်တာအသင်းက လစ်လပ်နေသည့် နည်းပြရာထူးအတွက် ပယ်လာဒီနီကို ခန့်အပ်

**ရောမ နိုဝင်ဘာ ၁၂**

အတ္တလန်တာ အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် ဖီအိုရင်တီးနားအသင်းနည်းပြဟောင်း ပယ်လာဒီနီကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ကြောင်း Football Italia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အတ္တလန်တာ အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် ရိုးမားအသင်းနည်းပြဟောင်း အိုင်ဗန်ဂျူရစ်ကို ခန့်အပ်ခဲ့သော်လည်း အသင်းအနေဖြင့် နည်းပြ အိုင်ဗန်ဂျူရစ်လက်အောက်တွင် ရလဒ်များဆိုးရွားနေပြီး ပြီးခဲ့သည့် ဆက်ဆူအိုလိုအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အတ္တလန်တာအသင်းက နည်းပြ အိုင်ဗန်ဂျူရစ်ကို ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြပယ်လာဒီနီသည် နည်းပြဘဝကို ၂၀၂၁ ခုနှစ်က မွန်ဇာလူငယ်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် မွန်ဇာအသင်းကြီးကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ကာ တစ်ရာသီကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက ဖီအိုရင်တီးနာအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

နည်းပြပယ်လာဒီနီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဖီအိုရင်တီးနားအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အီတလီစီးရီးအေပြိုင်ပွဲတွင် အဆင့်(၆) နေရာရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့်အပြင် ကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့် တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

သို့သော် နည်းပြ ပယ်လာဒီနီသည် အသင်းဘုတ်အဖွဲ့ဝင်များနှင့် ဆက်ဆံရေး မပြေလည်မှုများကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီအကုန်တွင် ဖီအိုရင်တီးနားအသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ယခုအခါ အတ္တလန်တာအသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရကြောင်း သိရသည်။

**Ref : Football Italia**

**Trs : STA**



# ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့်ဒုတိယပွဲစဉ်တွင် အယ်ကာရက်ဇ် အနိုင်ရရှိ

**တူရင် နိုဝင်ဘာ ၁၂**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် ATP Finals တင်းနစ်ပြိုင်ပွဲ အုပ်စုအဆင့် ဒုတိယပွဲစဉ်အဖြစ် အယ်ကာရက်ဇ်နှင့် တေလာဖရစ်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၇ ၊ ၇-၅ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ယခုနှစ်အတွင်း ပုံစံကောင်းများပြသနေသည့် တေလာဖရစ်ဇ်တို့အကြား အကြိတ်အနယ်ရှိသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး အယ်ကာရက်ဇ်အနေဖြင့် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း နောက်မှလိုက်ကစားကာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သည်။

တေလာဖရစ်ဇ်အနေဖြင့် အနိုင်ရလဒ်ဖြင့် ထိုက်တန်ခဲ့သော်လည်း အယ်ကာရက်ဇ်၏ ထင်မှတ်မထားသည့် တုံ့ပြန်မှုများကြောင့် ရှုံးနိမ့်ခဲ့ရသည်။

အယ်ကာရက်ဇ်က "တော်တော်လေးကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ပါတယ်။ အထူးသဖြင့် ပထမပွဲငယ်မှာ တော်တော်လေးကို ခက်ခက်ခဲခဲ ယှဉ်ပြိုင် ကစားခဲ့ရပါတယ်။ ပထမပွဲငယ်မှာ ကျွန်တော့်ရဲ့ စပေးဘောတွေ တော်တော်လေးကို ဆိုးရွားခဲ့တယ်။ တေလာဖရစ်ဇ်အနေနဲ့ စပေးဘောတွေတော်တော်လေးကို ကောင်းခဲ့ပါတယ်။ သူ့ရဲ့စပေးဘောတိုင်းက Baseline ပေါ်ကို ဦးတည်ပြီးတော့ ရိုက်နိုင်ခဲ့တယ်။ စပေးဘောမှမဟုတ်ဘူး အပြန်အလှန်ရိုက်ချက်တွေမှာလဲ သူ့ရဲ့ရိုက်ချက်တွေက Baseline တွေပေါ်မှာပဲ ဦးတည်ပြီး ရိုက်နိုင်ခဲ့တယ်။ ရိုးရိုးသားသားဝန်ခံရရင် နှစ်ယောက်စလုံး အနိုင်ရလဒ်နဲ့ ထိုက်တန်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Espn**

**Trs : AZL**

# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် စပိန်အသင်းလူစာရင်းမှ တောင်ပံတိုက်စစ်ကစားသမား ယာမယ် ချန်လှပ်ခံရ

**ဘာစီလိုနာ နိုဝင်ဘာ ၁၂**



စပိန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲကစားမည့် အသင်းလူစာရင်းမှ တောင်ပံတိုက်စစ်ကစားသမားယာမယ်ကို ဒဏ်ရာကြောင့် ချန်လှပ်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် တူကီယဲအသင်း၊ ဂျော်ဂျီယာအသင်းတို့နှင့် ကစားရမည်ဖြစ်သော်လည်း အသင်း၏အဓိကတောင်ပံတိုက်စစ်ကစားသမားဖြစ်သည့် ယာမယ်ကို ကြွက်သားဒဏ်ရာကြောင့် အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

စပိန်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အသက် ၁၈ နှစ်ရှိ ယာမယ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်ကတည်းက အသင်းလူစာရင်းတွင် ထည့်သွင်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ကစားသမား၏ကြွက်သားဒဏ်ရာကြောင့် အနည်းဆုံး ခုနစ်ရက်မှ ၁၀ ရက်ထိ အနားယူရမည်ဖြစ်၍ ပြီးခဲ့သည့် တနင်္လာနေ့ထိ စေလွှတ်ခြင်း မရှိခဲ့ခြင်းဖြစ်သည်။

စပိန် ဘောလုံးအဖွဲ့ချုပ်က "ယာမယ်ရဲ့ ဒဏ်ရာပြဿနာကို အကြောင်းမကြားခဲ့တဲ့ ဘာစီလိုနာအသင်းရဲ့ဆုံးဖြတ်ချက်ကို အံ့ဩမိပါတယ်။ လက်ရှိမှာတော့ ကစားသမားရဲ့ကြံ့ခိုင်မှုကြောင့် အနားယူဖို့ အသင်းနဲ့ ပြန်လည်ပူးပေါင်းခွင့်ပြုလိုက်ပါပြီ"ဟု ထုတ်ပြန်ခဲ့သည်။

လက်ရှိထုတ်ပြန်ခဲ့သည့် စပိန်အသင်းလူစာရင်းတွင် ဂိုးသမားများအဖြစ် ရီမီယို၊ ဆိုင်မွန်၊ ရာယာ၊ ခံစစ်ပိုင်းတွင် ဗီဗီယန်၊ လာပေါ်တီ၊ ဟူအီဆန်၊ ကူကူရယ်လာ၊ မားကို့စ်လိုရန့်တီ၊ ကျူဘာစီ၊ပိုရို၊ ကွင်းလယ်ပိုင်းတွင် ဂါဗီယာ၊ ဂရီမယ်ဒို၊ အဲလက်စ်ဘေနာ၊ အိုမို၊ ဖေဘီယန်ရုဇ်၊ ဖာမင်လိုပက်ဇ်၊ ဇူဘီမန်ဒီ၊ မာရင်နို၊ ဘာရီအို့စ်၊ ဖော်နယ်လ်၊ ပီနို၊ တိုက်စစ်ပိုင်းတွင် အီဂယ်စီးယက်စ်၊ ဖာရန်တောရက်စ်၊ အိုရာဇာဘယ်၊ ဆမ်မြူရယ်တို့ပါဝင်ကြောင်း သိရသည်။

**Ref : Espn**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၁၂၀ သတ်မှတ်ထားသည့် ကွင်းလယ်ကစားသမား အန်ဒါဆန်ကို မန်ယူအသင်းက ကစားသမားခေါ်ယူမည့်စာရင်းတွင် တရားဝင်ထည့်သွင်းခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေသည့် ခံစစ်ကစားသမား ဒီဆာစီကို မိုနာကိုအသင်း၊ နာပိုလီအသင်းတို့အပြင် အေဗီလာအသင်းကလည်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။
- နွေရာသီ အပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးယူရို သန်း ၄၅၀ ထိ အသုံးပြုထားသည့် လီဗာပူးအသင်းက ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အင်တာမီလန်အသင်းမှ ဘာစတိုနီကို ယူရို သန်း ၁၀၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

**ML**

# ဥရောပကလပ်အသင်းများသို့ ပြန်လည်ပြောင်းရွှေ့ကစားမည်မဟုတ်ဟု အင်တာမီယာမီအသင်းတိုက်စစ်ကစားသမား မက်ဆီ အတည်ပြု



**မီယာမီ နိုဝင်ဘာ ၁၂**

အင်တာမီယာမီအသင်း တိုက်စစ်ကစားသမားမက်ဆီက ဥရောပကလပ်အသင်းများသို့ ပြန်လည်ပြောင်းရွှေ့ကစားမည် မဟုတ်ဟု အတည်ပြုခဲ့ကြောင်း The Independent သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည် ဥရောပထိပ်တန်းကလပ်အသင်း တစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းတွင် ၂၀၀၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ကာလရှည် ကစားခဲ့ပြီး အောင်မြင်မှုများကို ဘာစီလိုနာအသင်းနှင့် အတူဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

မက်ဆီသည် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် အလွတ် ပြောင်းရွှေ့ကြေးဖြင့် မေဂျာလိဂ် ကလပ်အသင်းတစ်သင်းဖြစ်သည့် အင်တာမီယာမီအသင်းသို့ ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက မက်ဆီသည် မေဂျာလိဂ်ပြိုင်ပွဲ ခေတ္တရပ်နားထားသည့် အချိန်တွင် ကစားသမားဘဝ အောင်မြင်မှုများစွာရယူနိုင်ခဲ့သည့် အသင်းဟောင်း ဘာစီလိုနာအသင်း၏ အိမ်ကွင်းသစ်စီမံကိန်းသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းသို့ ကာလရှည်စာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ ကစားဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် မက်ဆီကိုယ်တိုင်က ဥရောပ ကလပ်အသင်းများသို့ ပြန်လည် ပြောင်းရွှေ့ကစားမည်မဟုတ်ဟု အတည်ပြုခဲ့သကဲ့သို့ ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ်တာကိုယ်တိုင်ကလည်း မက်ဆီအနေဖြင့် အသင်းသို့ ပြန်လည်ပြောင်းရွှေ့မည်မဟုတ်ဟု အတည်ပြုခဲ့ကြကြောင်း သိရသည်။

Ref : The Independent

Trs : STA

# နှလုံးအမောဖောက်ဝေဒနာကြောင့် အော်စကာ ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်

**လန်ဒန် နိုဝင်ဘာ ၁၂**

ချဲလ်ဆီးအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး လက်ရှိ ဆာပေါ်လိုအသင်းတွင် ကစားနေသည့် တိုက်စစ်ကစားသမား အော်စကာသည် နှလုံးအမောဖောက်ဝေဒနာကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ရပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန်အတွက် ဆုံးဖြတ်ခဲ့သည်ဟု Daily Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ အော်စကာသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်က ဆာပေါ်လိုအသင်းနှင့်ပင် စတင်ခဲ့သူဖြစ်ပြီး ၂၀၁၂ ခုနှစ်က အင်တာနေရှင်နယ် အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အော်စကာသည်ချဲလ်ဆီးအသင်းတွင် ကစားစဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့ပြီး အောင်မြင်မှု များရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ချဲလ်ဆီးအသင်းမှ တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းပေ့ါအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အော်စကာသည် ပြီးခဲ့သည့် ဇန်နဝါရီလက ရှန်ဟိုင်းပေ့ါအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ကစားသမားဘဝစတင်ခဲ့သည့် ဆာပေါ်လိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အော်စကာသည် ဆာပေါ်လိုအသင်းနှင့် လေ့ကျင့်မှုများ လုပ်ဆောင်နေစဉ်အတွင်း နှလုံးအမောဖောက်ကာ လဲကျခဲ့သည့်အတွက် ဆေးရုံတက်ရောက်ပြီး ဆေးကုသမှုများ လုပ်ဆောင်ခဲ့ရကာ လက်ရှိတွင် အသက်အန္တရာယ်မရှိတော့သော်လည်း ဘောလုံးဆက်လက်ကစားရန် မသင့်သည့်အတွက် အသက် ၃၄ နှစ် အရွယ်တွင်ပင် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : STA

# ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းကို အသင်းနှစ်သင်းဖွဲ့စည်းပြီး ခြေစမ်းပွဲစဉ်များကစားကာ ပြင်ဆင်မှုများလုပ်ဆောင်နေ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲဝင်ရောက်မည့်မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းကို (က)အသင်းနှင့် (ခ)အသင်း နှစ်သင်းခွဲပြီး စုဖွဲ့ထားကာ ခြေစမ်းပွဲစဉ်များကစားပြီး ပြင်ဆင်မှုများ လုပ်ဆောင်နေကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရယူနိုင်ရန် အတွက် လက်ရှိအချိန်ကတည်းက စုဖွဲ့ပြီး ပြင်ဆင်မှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း ကစားသမားဟောင်းများ ဖြစ်သည့် ဦးဇော်လင်းထွန်းနှင့် ဦးမျိုးမင်းထွန်းတို့ကဦးဆောင်ပြီး အသင်းကို (က) အသင်းနှင့် (ခ)အသင်းဟူ၍ ခွဲခြားကာ ပြင်ဆင်လေ့ကျင့်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် (က)အသင်းနှင့် (ခ) အသင်းဟူ၍ခွဲခြားပြီး နိုဝင်ဘာ ၁၀ ရက်က ခြေစမ်းပွဲကစားခဲ့ရာ (က)အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်တွင် နောက်ထပ် ခြေစမ်းပွဲစဉ် တစ်ပွဲ ထပ်မံကစားသွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် အသင်းနှစ်သင်း ခွဲခြားကာ ခြေစမ်းပွဲစဉ်ပြီးလျှင် နိုဝင်ဘာ ၁၈ ရက်တွင် အာရှဖလား ခြေစစ်ပွဲကစားမည့် မြန်မာ့လက်ရွေးစင် စီနီယာအသင်းနှင့် ခြေစမ်းပွဲ ထပ်မံကစားသွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C)တွင် အင်ဒိုနီးရှား ယူ-၂၂ အသင်း၊ ဖိလစ်ပိုင် ယူ-၂၂ အသင်း၊စင်ကာပူ ယူ-၂၂ အသင်းတို့နှင့်အတူ တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။ STA

# လက်ဝှေ့လောကမှ အနားယူမည့်သတင်းများကို အင်္ဂလန်လက်ဝှေ့မယ် ကင်မရွှန်း ငြင်းဆို

**လန်ဒန် နိုဝင်ဘာ ၁၂**

အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ အင်္ဂလန်လက်ဝှေ့မယ် ကင်မရွှန်းသည် လက်ဝှေ့လောကမှ အနားယူတော့မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ပြုလုပ်ခဲ့သည်။

ကင်မရွှန်းသည် လက်ရှိ WBC စူပါလိုက်ဝိတ်တန်း ယာယီ ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး လက်ဝှေ့လောကမှ အနားယူမည့်သတင်းများကို ငြင်းဆိုခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မရွှန်းသည် အမျိုးသားလက်ဝှေ့လောက၏ စည်းမျဉ်းအတိုင်းသာ ထိုးသတ်သွားရန် တောင်းဆိုထားသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး အမျိုးသမီး လက်ဝှေ့လောက၏အကောင်းဆုံး လက်ဝှေ့မယ်စာရင်းဝင် တစ်ဦးလည်းဖြစ်သည်။

အမျိုးသမီးလက်ဝှေ့လောကတွင် နှစ်မိနစ် ၁၀ ချီစနစ်ဖြင့် ကျင်းပနေပြီး ကင်မရွှန်းက အမျိုးသားလက်ဝှေ့လောက၏ စည်းမျဉ်းအတိုင်း သုံးမိနစ် ၁၂ ချီစနစ်ဖြင့် ကျင်းပပေးရန် တောင်းဆိုထားသူလည်းဖြစ်သည်။

ကင်မရွှန်းက "ကျွန်မအနေနဲ့ သတင်းတွေမှာ ဖော်ပြနေသလို လက်ဝှေ့လောကကနေ အနားယူသွားဖို့ ဆန္ဒမရှိပါဘူး။ လက်ဝှေ့လောကမှာကာလရှည် ကျင်လည်သွားမှာပါ။ လက်ရှိက ယာယီကမ္ဘာ့ချန်ပီယံ ဖြစ်နေတယ်။ ယခင်က ကျွန်မပိုင်ဆိုင်ဖူးတဲ့ ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရယူသွားဖို့ ဆန္ဒရှိနေပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိနေတဲ့အတွက် ကျွန်မကို လက်ဝှေ့လောကကနေ အနားယူတော့မယ်ဆိုပြီး ထင်ကြေးပေးနေကြတာပါ။ အသက်အရွယ်က အရေးမကြီးဘူး။ ရည်မှန်းချက်အတွက် ဆက်လက်ကြိုးစားသွားဖို့ အဆင်သင့်ပါပဲ။ အဒီလိုလုပ်နိုင်အောင်လဲ ကျန်းမာရေးကိုဂရုစိုက်နေပါတယ်။ သေချာတာတစ်ခုကတော့ ကျွန်မ အကောင်းဆုံး ကြိုးစားနေပါသေးတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fight Mag

Trs : AZL

# လိုင်ယွန်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းမှ အင်းဒရစ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

**ပဲရစ် နိုဝင်ဘာ ၁၂**

လိုင်ယွန်အသင်းက ရီးရဲလ်မက်ဒရစ်အသင်းမှ လူငယ်တိုက်စစ်ကစားသမားအင်းဒရစ်ကို လာမည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ရာသီဝက်အငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် သဘောတူညီမှု ရရှိခဲ့သည်ဟု Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၁၉ နှစ်ရှိ အင်းဒရစ်သည် ၂၀၂၄ ခုနှစ်က ပါမီးယက်စ်အသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြဟောင်း အန်ဆယ်လော့တီ လက်အောက်တွင် ၃၇ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ယခုနှစ် ဘောလုံးရာသီတွင် နည်းပြသစ် အလွန်ဆိုလက်အောက်၌ ပွဲကစားခွင့် မရရှိခဲ့ခြင်းဖြစ်သည်။

အင်းဒရစ်သည် နည်းပြအလွန်ဆိုလက်အောက်တွင် တစ်ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့သည့်အတွက် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ပြီးနောက် လိုင်ယွန်အသင်းက အင်းဒရစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ပြီးခဲ့သည့် အောက်တိုဘာလကတည်းက ကြိုးပမ်းခဲ့ရာမှ အင်းဒရစ်နှင့် အစောပိုင်းကတည်းက ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

လိုင်ယွန်အသင်းက အင်းဒရစ်နှင့် သဘောတူညီမှု ရရှိခဲ့ပြီးနောက် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဆက်လက်ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာမှ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် အငှားစာချုပ်ဖြင့် ကလပ်အသင်း နှစ်သင်းကြား သဘောတူညီမှုရရှိခဲ့ပြီး အငှားစာချုပ်သက်တမ်း ကုန်ဆုံးပါက အပြီးသတ်ခေါ်ယူခွင့်ပါ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အင်းဒရစ်ကို လိုင်ယွန်အသင်း အပြင် ပရီးမီးယားလိဂ်ထိပ်တန်း ကလပ် အသင်းကြီးများကလည်း ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုများ ရှိခဲ့သော်လည်း အင်းဒရစ်ကိုယ်တိုင်က လိုင်ယွန်အသင်းသည် အခြား အသင်းများထက် ၎င်း၏ ကစားသမားဘဝ ဖွံ့ဖြိုးတိုးတက်မှုရှိနိုင်သည့်အသင်းဟု ယူဆခဲ့သောကြောင့် အခြားအသင်းများ၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ပြီး လိုင်ယွန်အသင်းသို့သာ ပြောင်းရွှေ့ကစားရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ကျော်တေဇ(ဥက္ကလာ)

နိုင်ငံတစ်ခုအတွက် အဓိကလိုအပ်သည်မှာ ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးပင်ဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝရေးအတွက် ပညာရေးစနစ်ကောင်းမွန်ရေးသည် အဓိကပင်ဖြစ်၏။ ထို့ကြောင့် လက်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ဆိုသည့် ဦးတည်ချက်ချမှတ်ကာ နိုင်ငံတော်၏ ပညာရေးကဏ္ဍမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ကြရမည်သာဖြစ်သည်။

နိုင်ငံတော်အတွက် လိုအပ်သည့်ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် KG+9 ထိ မသင်မနေရပညာရေးစနစ်ကို နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် ချမှတ်ထားသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်ပြီး KG+9 ပြီးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ပြီလည်းဖြစ်သည်။ ထိုသို့ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်ရန်အတွက် ယခုဆိုလျှင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ခရိုင် ၈၈ ခု၌ ကျောင်းပေါင်း ၈၉ ကျောင်းထိ ဖွင့်လှစ်ထားရှိခဲ့ပြီးဖြစ်ပေသည်။ ထို့ပြင် ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်၍ လက်တွေ့အသုံးချ သိပ္ပံပညာရပ်များဖြစ်သည့် ကွန်ပျူတာနှင့်နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကိုလည်း ဖွင့်လှစ်ထားပြီးဖြစ်၏။ နိုင်ငံတော်အစိုးရ၏ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးထားမှုများကို ကျေးလက်မြို့ပြများရှိ ပြည်သူလူထုအားလုံး သိရှိထားကြဖို့လည်း လိုအပ်ပေသည်။

စာရေးသူတို့နိုင်ငံတွင် မြို့ပြနေလူဦးရေထက် ကျေးလက်နေလူဦးရေက ပိုမိုများပြားသည်ကို တွေ့မြင်ရ၏။ မြို့ပြနေလူဦးရေများ၌ ပညာတတ်လူသားအရင်းအမြစ်များ ထွန်းကားမှုများပြားသော်လည်း ကျေးလက်နေလူဦးရေများ၌ ပညာတတ်လူသားအရင်းအမြစ်ထွန်းကားမှုမှာ ရာခိုင်နှုန်းနည်းပါးနေသည်ကိုလည်း တွေ့မြင်ရပြန်သည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ စာရေးသူတွေ့ကြုံခဲ့သည့်အဖြစ်အပျက်လေးများကို ပြန်လည်မျှဝေပေးလိုပါသေးသည်။

စာရေးသူတာဝန်တစ်ခုဖြင့် ကျေးလက်ရွာလေးတစ်ရွာသို့ ရောက်သွားခဲ့သည်။ ကျေးရွာကလေးသည် အိမ်ခြေ ၂၀၀ ခန့်ရှိပြီး အခြေခံပညာအလယ်တန်းကျောင်းလေးတစ်ကျောင်းရှိသည်။ အသက်မွေးဝမ်းကျောင်းမှုအနေဖြင့် ကြံစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်ကို တွေ့မြင်ရသည်။ ကြံစိုက်ပျိုးမှုဟုဆိုသော်လည်း ကြံခင်းပိုင်ရှင်များဖြစ်သည့်မူလငွေကြေးချမ်းသာသူများကသာ ထိုလုပ်ငန်းကို လုပ်ငန်းရှင်များအဖြစ် ဦးစီးဆောင်ရွက်နိုင်သည်ကို တွေ့မြင်ခဲ့ရသည်။ ကြံခင်းလက်ငုပ်လက်ရင်းမရှိသူများက ကြံခင်းပိုင်ရှင်များထံ အငှားလိုက်လုပ်သားဘဝနှင့်သာ ဘဝ၏နေ့ရက်များကို အလီလီကျော်ဖြတ်ရင်ဆိုင်နေကြရသည်။

ထိုရွာကလေးတွင် မြို့ပြများကဲ့သို့ ကျောင်းတက်ချိန်တွင် ကျောင်းနေအရွယ်ကလေးများအားလုံး စာသင်ကျောင်းသို့သွားကြသည်။ အတန်းစဉ်အားဖြင့် အလယ်တန်းဖြစ်သဖြင့် KG မှ KG+9 ထိ ရှိသည်။ ကျောင်းသားနှင့်ဆရာ အချိုးအားဖြင့်လည်း ညီမျှမှုမရှိပေ။ သို့သော် ကလေးများကား ပုံမှန်ကျောင်းသွားကျောင်းပြန်မြဲပင်။ ကျေးရွာအတွင်း လှည့်လည်လေ့လာရင်းထိုကျေးရွာကလေးရှိ ပညာရေးအခက်အခဲတစ်ခုကို စာရေးသူကြားသိမြင်တွေ့ခဲ့ရသည်။ စိတ်မကောင်းဖွယ်ရာပင်။

**"ရွာကျောင်းပြီးရင်ကျောင်းပြီးပြီ ဆရာရေ၊ ဆက်ပြီးထားနိုင်ဖို့လည်း ပိုက်ဆံမရှိဘူးရှင့်"**

ရွာရှိကျောင်းသားမိဘဖြစ်သူတစ်ဦးက ကျွန်တော့်ကိုရင်ဖွင့်လာခဲ့သည်။ အခြေခံပညာသင်ကြားရေးတွင် ကြီးမားသော ငွေကုန်ကြေးကျမရှိ။ သို့သော် သူတို့မည်သည့်အတွက်ကြောင့် သည်လိုပြောရသည်ကို စာရေးသူဆက်လက်လေ့လာလိုက်သည်။ အကြောင်းကား ရွာရှိအလယ်တန်းပညာပြီးဆုံးပါက မိုင်အနည်းငယ်ဝေးသည့် မြို့ရှိအထက်တန်းကျောင်းကို သွားထားရသည်။ နေ့စဉ်အသွားအပြန် လုပ်ရန်ခက်ခဲမှုကြောင့်အဆောင်ငှားထားရသည်။ စားစရိတ်၊ နေစရိတ်နှင့်ဆိုလျှင် တစ်နှစ်ကို သိန်း ၄၀ ခန့်ကုန်ကျသည်ကို သူတို့ပြောပြလာသည်။ ရွာကျောင်းပြီးလျှင် ကျောင်းပြီးပြီဆိုသည့်စကားမှာ ထိုအကြောင်းအရာများမှ ဆင်းသက်လာသည်ကို စာရေးသူကောင်းစွာနားလည်လိုက်ပေပြီ။ ဤသို့သော ကျေးရွာမျိုးနိုင်ငံတော်၏ တစ်နံတစ်လျားတွင် မည်မျှရှိနေဦးမည်နည်း။ မေးခွန်းတစ်ခုက စာရေးသူ၏ အတွေးစများကို ရှည်စေခဲ့ပြန်သည်။

ကျေးရွာအတွင်း ရွာမိရွာဖ၊ ရွာလူကြီးများနှင့် တွေ့ဆုံ၍ ကျေးရွာရှိပညာရေးအခြေအနေအလုံးစုံကို ရေနွေးကြမ်းဝိုင်းလေးဖြင့် မေးမြန်းဖြစ်ခဲ့သည်။ သူတို့ကလည်း မိသားစုပမာ ပွင့်ပွင့်လင်းလင်း ပြန်ပြောပြလာသည်။ ကျေးရွာတွင် KG+9 ပြီးဆုံးသည်နှင့် ကြံဖတ်ခုတ်၊ သက်ငယ်ပျစ်လုပ်ငန်းကို လုပ်ကိုင်ကြရသည်။ ငွေကြေးတတ်နိုင်သူနှင့် သားသမီးကို ထွန်းပေါက်စေလိုသော မိဘအချို့သာ မြို့ပေါ်တွင် အခြေခံပညာအထက်တန်းကျောင်းထိ ထားကြသည်။ အချို့မှာမူ မြို့ပြရှိဈေးဆိုင်များတွင် တစ်ဝမ်းတစ်ခါးအတွက် အလုပ်သွားလုပ်ကြသည်။

စာရေးသူမေးမြန်းကြည့်ရာတွင် ပညာရေးဆုံးခန်းတိုင်၍ ဆရာဝန်တစ်ဦးဖြစ်ထွန်းခဲ့ပြီး တစ်ဦးစနှစ်ဦးစပင် နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ကြသည်။ သာသနာ့ဘောင်ဝင်ပြီး ဓမ္မာစရိယအောင်သည့် သာသာနာ့အာဇာနည်တစ်ဦးလည်း ထူးထူးခြားခြား ထွန်းကားသည်ကိုလည်း သိရှိခဲ့ရသည်။ ကျန်သူများကား ကျေးရွာဝန်းကျင်ရှိ ကြံခင်းကြီးများကိုသာ မိဘများက မျက်စောင်းထိုးလမ်းညွှန်နိုင်ခဲ့သည်။ ရွာကျောင်းပြီး၍ ကျောင်းပြီးပြီဆိုသည့် သားသမီးများကလည်း မိဘများမျက်စောင်းထိုးပြသည့် ကြံခင်းကြီးထဲသို့ ဆင်းကာကြံဖတ်ခုတ်၍ သက်ငယ်ပျစ်ကြရတော့သည်။ အချို့မှာမူ ငွေလွယ်လွယ်ရနိုင်မည့်နိုင်ငံရပ်ခြားသို့ ရရာအလုပ်ကို သွားလုပ်ရင်းအိမ်စရိတ်ကို ထောက်ပံ့ကြရသည်။ ဤကား ပကတိဖြစ်ရပ်များပင်။ ကျေးရွာလေးရှိ ပညာတတ်လူသားအရင်းအမြစ်ထွန်းကားမှု ရေချိန်ကား အနိမ့်အမြင့်ကွာခြားလွန်းလှသည်။ ဤသို့ဆိုလျှင် နိုင်ငံတော်အတွက် ပညာတတ်လူသားအရင်းအမြစ်များ ထွန်းကားရေးသည် မည်မျှအလှမ်းဝေးနေဦးမည်နည်း။ ထိုမေးခွန်းကားစာရေးသူ၏ အတွေးစကို ဆက်စေခဲ့ပြန်သည်။

ပညာရည်နိမ့်ပါးမှုကြောင့် ကျေးရွာတွင်ဖြစ်ပျက်နေသည့်နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်း မြင်တွေ့ခဲ့ရပြန်သည်။ ထိုအကြောင်းအရာတို့မှာ ရွာရှိ အလယ်တန်းကျောင်းပြီးသည်နှင့် အသက်ငယ်ငယ်နှင့်အိမ်ထောင်ပြုကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်သားမွေးလုပ်ပြီး အချိန်တန်တော့ စားဝတ်နေရေးအခက်အခဲကြောင့် မိဘများအိမ်သို့ ပြန်လည်ခိုနားရသည်။ နဂိုစီးပွားရေးမပြေလည်သည့် မိဘများမှာ တစ်ပူပေါ်နှစ်ပူမကဆင့်၍ အပူလုံးကြရပြန်သည်။

အချို့ကား နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကြသည်။ အလုပ်လုပ်ရင်း အိမ်ထောင်ပြုကြသည်။ သားသမီးထွန်းကားပါက ရွာရှိမိဘများထံလာပို့ပြီး နိုင်ငံရပ်ခြားသို့ပြန်သွားကြ၏။ မိဘများမှာ သားသမီးအချစ် မြေးအနှစ်ဆိုသည့်အတိုင်း အိုချိန်တန်မှ လူမမည်ကလေးတစ်ဖက်နှင့်လုံးလည်လိုက်နေရသည်။ ဤသည်ကားလည်း ကျေးရွာရှိ ပညာရည်နိမ့်ပါးခြင်းမှ ဘဝအတွေးအခေါ်နိမ့်ပါးခြင်းဆိုသည့် နောက်ဆက်တွဲဖြစ်ရပ်များပင်ဖြစ်သည်။

ထိုအခြေအနေများကို ကျေးရွာရှိ ရွာမိရွာဖများ၊ ကျေးရွာလူကြီးများရှေ့တွင် စာရေးသူ ဆွေးနွေးချပြခဲ့သည်။ နိုင်ငံတော်၏ ပညာရေးမူဝါဒများကိုလည်း သူတို့နားထဲဝင်စေရန် မျှဝေပေးနိုင်ခဲ့သည်။ ကျေးရွာ၏ ပညာရည်နိမ့်ပါးမှုကို သူတို့၏ ပကတိဖြစ်တည်နေမှုများနှင့် နှိုင်းယှဉ်ကာ ဆွေးနွေးပေးခဲ့သည်။ ပညာရည်နိမ့်ပါးမှုကြောင့် အတွေးအခေါ်နှင့် ဘဝရပ်တည်မှုများ၌ပါ အားနည်းနေသည်ကို သူတို့အားလုံးနားလည်လက်ခံပြီး စာရေးသူကို ဝန်ခံစကားများအတွင်တွင် ပြောပြခဲ့ကြသည်။

စာရေးသူအနေနဲ့လည်း တခဏဆိုသော်ငြား တစ်သက်စာစကားအချို့ကို ဤသို့မျှဝေပေးခဲ့ပါသေးသည်။

"အခြေခံပညာရေးစနစ်ကနေ အဆင့်မြင့်ပညာရေးစနစ်ထိ ဆုံးခန်းတိုင်အောင်ထားကြပါ။ စီးပွားရေးအခက်အခဲကြောင့် အတန်းပညာမဆုံးသည့်တိုင် စက်မှု၊ လက်မှုအတတ်ပညာပိုင်းကို မဖြစ်မနေသင်ကြားပေးကြပါ။ ရွာထိပ်က ကျောင်းပြီးရင်ကျောင်းပြီးပြီဆိုပြီး သားသမီးတွေကို ကြံခင်းကြီးတွေထဲ မျက်စောင်းထိုးပြတဲ့ မိဘများမဖြစ်အောင်ကြိုးစားကြပါ။ ကိုယ့်ကျေးရွာမှာရှိတဲ့ စာသင်ကျောင်းကြီးကို အဆောက်အအုံကြီး တစ်ခုထက်ပိုတဲ့အတွေးမျိုးထက် ကျော်လွန်ပြီးတန်ဖိုးထားကြပါ။ ဒီကျောင်းတော်ကြီးဟာ ရွာသူ၊ ရွာသားများရဲ့ဘဝဖွံ့ဖြိုးမှု၊ ကျေးရွာရဲ့ဖွံ့ဖြိုးတိုးတက်မှု၊ ရွာသူ၊ရွာသား များရဲ့ အတွေးအခေါ်မြင့်မားမှုအတွက် များစွာ အထောက်အကူပြုလာပါလိမ့်မယ်။ အဲဒီလိုတန်ဖိုးမထားတတ်ရင် မိမိတို့ကျေးရွာ၊ မိမိတို့ဘဝကိုယ်စီကို တန်ဖိုးမထားသလိုဘဲ ဖြစ်ပါလိမ့်မယ်" စတဲ့အကြောင်းအရာတွေကို သူတို့ထံမျှဝေပေးခဲ့သည်။ စာရေးသူနှလုံးသားကတစ်ဆင့် နိုင်ငံတော်ရဲ့သဘောထားဆန္ဒကို သူတို့ကောင်းစွာ မြင်ခဲ့ကြသည်ကိုလည်း စာရေးသူတွေ့မြင်ခဲ့ရသည်။ အမှန်စင်စစ်ပြောင်းလဲမှုကား ၎င်းတို့၏ စွမ်းဆောင်ရည်ကိုသာ ဆက်လက်ကြည့်ရမည်သာဖြစ်ပါသည်။

အဆိုပါကျေးရွာကလေးကို စံနမူနာယူပြီး စာဖတ်သူများအနေဖြင့် ၎င်းသို့ကြုံတွေ့နေရပါက ဤဆောင်းပါးလေးကိုဖတ်ပြီး မိမိတို့ရဲ့ရင်သွေးငယ်များ၏ဘဝလမ်းကြောင်းကို ယနေ့မှစ၍ ကောင်းစွာလမ်းပြပေးဖို့လိုသည်။ ထိုမှသာ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့ဆိုသည့်နိုင်ငံတော်၏ မူဝါဒကို တစ်ဖက်တစ်လမ်းမှ ကူညီဖော်ဆောင်ရာလည်းရောက်မည်ဖြစ်ပါသည်။ ထို့မျှမက ကိုယ်စီဘဝဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်တစ်ရပ်ဖွံ့ဖြိုးတိုးတက်ရေးထိ အရေးပါသော ပညာရေးကဏ္ဍ၏ တန်ဖိုးကြီးမားမှုကို ပိုမိုတန်ဖိုးထားတတ်ကြလိမ့်မှာ ယုံကြည်နေပါကြောင်း တိုက်တွန်းလိုက်ရပါတော့သည်။

**❖ အချို့ကားနိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကြသည်။ အလုပ်လုပ်ရင်းအိမ်ထောင်ပြုကြသည်။ သားသမီးထွန်းကားပါက ရွာရှိမိဘများထံလာပို့ပြီး နိုင်ငံရပ်ခြားသို့ပြန်သွားကြ၏။ မိဘများမှာ သားသမီးအချစ်မြေးအနှစ်ဆိုသည့်အတိုင်း အိုချိန်တန်မှ လူမမည် ကလေးတစ်ဖက်နှင့်လုံးလည်လိုက်နေရသည်။ ဤသည်ကားလည်း ကျေးရွာရှိ ပညာရည်နိမ့်ပါးခြင်းမှဘဝအတွေးအခေါ် နိမ့်ပါးခြင်းဆိုသည့် နောက်ဆက်တွဲဖြစ်ရပ်များပင်ဖြစ်သည်။❖**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# Taze Township grows more than 1,000 acres of maize and sweet corns


A maize plantation in Taze Township.

**Taze November 12**

YeU District Agriculture Department stated that local farmers have grown more than 1,000 acres of maize and sweet corns in Taze Township of Sagaing Region.

During the 2025–2026 winter crop season, farmers in Taze Township have planned to cultivate 320 acres of maize and 1,529 acres of sweet corn — a total of 1,849 acres. Cultivation began in October this year, and as of today, 314 acres of maize and 1,528 acres of sweet corn, totaling 1,842 acres, have already been cultivated.

"The plan for this year's winter crop season in Taze Township is to grow a total of 1,849 acres of maize and sweet corn. As of today, 1,842 acres have already been cultivated. We are working to ensure that the full targeted acreage is achieved. At present, cultivation progress is even exceeding expectations in some areas. To ensure successful crop growth, we have been providing awareness programs on pest and disease prevention," said U Zaw Myint Tun, Head of the Agriculture Department of YeU District.

This year, the Taze Township Agriculture Department has been conducting training sessions and field demonstrations for farmers cultivating maize and sweet corn. The department is also implementing preventive measures against fall armyworm infestations and promoting integrated pest management systems, including the use of neem-based pesticides and proper application of insecticides on crops such as ginger and chilli.

In Taze Township, seed maize cultivation produces over 50 baskets per acre, with an average production cost of about K500,000 per acre. Sweet corn yields around 15,000 ears per acre, with a cultivation cost exceeding K500,000 per acre. 206

# More than 2,000 acres of groundnut cultivated in Mingin Township

**Mingin November 12**

Local farmers grew more than 2,000 acres of groundnut in Mingin Township of Sagaing Region, according to the township Agriculture Department.

During the 2025–2026 winter crop season, local authorities in Mingin Township earmarked to cultivate 24,558 acres of groundnut. Cultivation began in October this year, and as of today, 23,611 acres have already been planted by local farmers.

"This year, during the winter crop season, we planned to grow over 20,000 acres of groundnut in Mingin Township. As of today, more than 20,000 acres have already been cultivated. We are making efforts to achieve the full target acreage. Groundnut cultivation is progressing well and is currently in a successful stage as an oil crop. Groundnut cultivation has seen steady improvement year by year," said Daw Hayman Kyaw Win, Head of the Mingin Township Agriculture Department.

It is reported that, in Mingin Township, groundnut cultivation requires about one and a half baskets of seed per acre, with an estimated production cost of over K200,000 per acre, including expenses for seed, labour charge, fertilizers, and pesticides. The average yield is more than 50 baskets per acre.

This year, to ensure successful groundnut cultivation, prevent pest and disease infestations, and keep the fields free of weeds, staff from the Mingin Township Agriculture Department have been inspecting groundnut fields and recording field monitoring data on-site. 206


A groundnut plantation in Mingin Township.

# More than 2,000 acres of croplands placed under sunflower in Monywa Township

**Monywa November 12**

Statistics of Monywa Township Agriculture Department disclosed that local farmers have planted more than 2,000 acres of winter sunflower in Monywa Township of Sagaing Region.

During the 2025–2026 winter crop season, farmers in Monywa Township have planned to cultivate 7,755 acres of winter sunflower. Cultivation began in October this year, and as of today, a total of 2,335 acres have already been planted.

"This year, during the winter crop season in Monywa Township, we planned to grow over 7,000 acres of sunflower. As of today, more than 2,000 acres have already been cultivated. We are making efforts to ensure the full targeted acreage is achieved. To reduce the import of edible palm oil, we will continue to expand the cultivation of oil crops such as sunflower. Among oil crops, sunflower produces more oil per acre than groundnut or sesame. It is mainly grown during the winter season," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

To expand sunflower cultivation in Monywa Township, the Township Agriculture Department has been conducting awareness and capacity-building training for departmental staff and sunflower-growing farmers.

This year, arrangements have been made to provide quality sunflower seeds to farmers, to sell urea and compound fertilizers at reasonable prices, and to distribute new sunflower varieties through farmer-to-farmer seed exchange systems. 206

# World Bank, Tunisia sign 430-mln-USD energy transition deal

**Tunis November 12**

The World Bank said Tuesday that it has signed a 430-million-U.S. dollar financing agreement with Tunisia to support the country's transition to cleaner and more reliable energy under a five-year initiative.

The funding, which includes 30 million dollars in concessional financing, will be implemented under the Tunisia Energy Reliability, Efficiency, and Governance Improvement Program, which aims to strengthen the national electricity utility, promote renewable energy, and enhance energy sector governance, it said in a statement.

The initiative aims to mobilize 2.8 billion dollars in private investment to add 2.8 gigawatts of solar and wind capacity in Tunisia by 2028. It is expected to create over 30,000 construction jobs and reduce electricity supply costs by 23 percent, among others.

It "will strengthen Tunisia's position in clean energy, creating economic opportunities and ensuring long-term energy security," said World Bank's Country Manager for Tunisia Alexandre Arrobbio. Xinhua

# Pakistani PM highlights socioeconomic reforms, commitment to peace, multilateralism

**Islambad November 12**


Pakistani Prime Minister Shehbaz Sharif on Tuesday outlined his government's socioeconomic reforms and reaffirmed the country's commitment to peace, stability, and multilateral cooperation during the Inter-Parliamentary Speakers Conference in Islamabad.

Sharif emphasized that peace and security form the foundation of sustainable development, noting that ongoing global conflicts underscore the critical importance of stability. He said Pakistan remains fully prepared to safeguard its sovereignty and territorial integrity while advancing inclusive growth domestically.

On regional issues, the prime minister stressed that a peaceful and stable Afghanistan is essential for regional connectivity, development, and prosperity. He called on the Afghan government to take effective action against militant groups operating from Afghan soil and reaffirmed Pakistan's readiness to cooperate on shared security concerns.

Sharif highlighted domestic reforms aimed at empowering youth and women, expanding SME financing, and enhancing digital skills and leadership opportunities. He also pointed to Pakistan's collaboration with international financial institutions and development partners to strengthen financial systems, climate resilience, and investment promotion.

Xinhua


This photo taken on Nov. 6, 2025 shows the city view of Islamabad, Pakistan.

# Ayadaw Township grows more than 1,000 acres of sunflower as cold season crops


A vast stretch of sunflower field.

**Ayadaw November 12**

According to the Monywa District Agriculture Department, local farmers planted more than 1,000 acres of sunflower as cold season crops in Ayadaw Township of Sagaing Region this year.

During the 2025-2026 winter crop season, it is planned to cultivate 2,725 acres of winter sunflower in Ayadaw Township. Planting began in October this year, and so far, a total of 1,193 acres have already been cultivated against the target cultivation.

"This year, over 2,000 acres of sunflower are planned for cultivation during the winter crop season in Ayadaw Township. As of today, more than 1,000 acres have been planted. Efforts are being made to complete the full target acreage. To reduce the import of edible palm oil from abroad, sunflower, an oil-bearing crop, is being encouraged for expanded cultivation. Sunflower yields more oil per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

In order to expand sunflower cultivation in Ayadaw Township, the Township Department of Agriculture has been accelerating training programs to provide technical knowledge and enhance the capacity of both staff and farmers.

This year, arrangements are also being made to supply quality sunflower seeds to farmers, sell compound fertilizers (urea and potash) at affordable prices, and promote seed exchange systems among farmers to distribute newly produced sunflower varieties.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlaik District cultivates over 3,000 acres of winter soybeans during this year winter crop season

**Mawlaik November 12**

More than 3,000 acres of soybeans have been planted in Mawlaik District during this year winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 7,600 acres of soybeans have been planted in Mawlaik District. They have been planted since October this year. To date, a total of 3,143 acres: 115 acres in Mawlaik Township and 3028 acres in Phaungpyin Township, have been planted.

"We are working to ensure that the target acres are planted. We will also provide education to prevent pests. We have also encouraged farmers to obtain the necessary seeds and to be aware of them," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, the township-wise allocation for soybean cultivation in Mawlaik District is 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totaling 7,600 acres.

206


A winter soybean plantation.

# Over 2,000 acres of groundnut planted in Htigyaing Township

**Htigyaing November 12**

The Htigyaing Township Agriculture Department stated that local farmers have cultivated more than 2,000 acres of groundnut as cold season crops in Htigyaing Township of Sagaing Region.

During the 2025-2026 winter crop season, local authorities earmarked to cultivate 12,280 acres of groundnut in Htigyaing Township. Planting began in October this year, and as of today, a total of 2,975 acres have already been cultivated.

"This year, over 12,000 acres of groundnut are planned for cultivation during the winter crop season in Htigyaing Township. Up to now, more than 2,000 acres have been planted. Efforts are being made to achieve the full target acreage. Groundnut cultivation is progressing successfully and has been developing year by year. As an oil-bearing crop, groundnut cultivation has seen encouraging results," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, farmers plant about one and a half baskets of seeds per acre, with production costs exceeding K200,000 per acre, including expenses for seeds, labour charge, fertilizers, and pesticides. Each acre yields more than 50 baskets of groundnuts.

This year, to ensure successful cultivation of groundnut fields in Htigyaing Township, prevent pest and disease outbreaks, and keep fields free of weeds, staff from the Township Department of Agriculture have been conducting field inspections and recording field monitoring data.

206


A groundnut plantation in Htigyaing Township.

# Kalay Township cultivates over 3,000 acres of winter green beans

**Kalay November 12**

More than 3,000 acres of green beans have been planted in Kalay Township during this year winter crops planting season, according to the statistics of the Department of Agriculture for Kalay Township.

During the 2025-2026 winter crops planting season, 9,190 acres of green beans have been planned for planting in Kalay Township. The planting of green beans has started in October this year, and 3,154 acres have been planted to date.

"We are working to ensure that the target acres are fully planted. Green beans cultivation is improving year by year. There will be education on expanding green beans cultivation, and there will be education on using good and pure varieties for better yields," said Daw Man Awe, head of the Department of Agriculture for Kalay Township.

This year, the relevant Township Agriculture Department will provide green beans farmers in Kalay Township with information on obtaining good and pure varieties suitable for the region, on proper planting methods, pest control, systematic use of fertilizers, and improved yields.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက GPS မပါဘဲ AI နည်းပညာသုံး မျိုးဆက်သစ်ဒရုန်းများ အလျင်အမြန်တီထွင်ထုတ်လုပ်လျက်ရှိ



ရုရှားနိုင်ငံသည် machine vision ဖြင့် GPS မပါဘဲ လမ်းကြောင်းရှာစနစ်၊ တာဝေးတိုက်ခိုက်နိုင်စွမ်း၊ အုပ်ဖွဲ့စစ်ဆင်နိုင်စွမ်းများပါဝင်သော အလိုအလျောက်လုပ်ဆောင်နိုင်မှု၊ ဉာဏ်ရည်တုနည်းပညာသုံး မျိုးဆက်သစ်ဒရုန်းများကို အလျင်အမြန်တီထွင်ထုတ်လုပ်လျက်ရှိကြောင်း Interesting Engineering သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ မျိုးဆက်သစ်ဒရုန်းများသည် အကွာအဝေး ၆၂ မိုင်ထိ တိုက်ခိုက်နိုင်စွမ်းရှိကြောင်း သိရသည်။

ရုရှားနိုင်ငံသည် GPS သို့မဟုတ် လူသားတို့၏ အမိန့်ပေးမှုလုံးဝမလိုအပ်သော V2U ဒရုန်းကို စမ်းသပ်နေကြောင်း၊ ၎င်းဒရုန်းသည် မြေမျက်နှာသွင်ပြင်အနေအထားအပေါ် ခွဲခြမ်းစိတ်ဖြာသည့်စနစ်ကို အသုံးပြု၍ပစ်မှတ်များကို ရှာဖွေနိုင်ပြီး ကိုယ်ပိုင်လုပ်ဆောင်နိုင်မှုဖြင့် တိုက်ခိုက်နိုင်ကြောင်းနှင့် မည်သည့်အရာကိုမဆို တိုက်ခိုက်နိုင်စေရန် အစီအစဉ်ရေးသွင်းပေးနိုင်သည့် မျိုးဆက်သစ်ဒရုန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။ V2U ဒရုန်းအပျက်အစီးများကို ခွဲခြမ်းစိတ်ဖြာကြည့်ရာတွင် ပိုမိုကောင်းမွန်သော AI learning ကို အထောက်အကူပြုရန်အတွက် ကုဒ်ရေးသွင်းမှုကို အပတ်စဉ်မွမ်းမံထားသည်။

ယခုနှစ် မေလအစောပိုင်းတွင် ရုရှားနိုင်ငံသည် AI ကို လေ့ကျင့်ပေးရန် အတွက် V2U ဒရုန်းများကို တစ်ရက်လျှင် အစင်း ၂၀ မှ ၅၀ ခန့်ထိ စမ်းသပ်နေကြောင်း၊ ထို့ပြင် ရုရှားနိုင်ငံသည် ၎င်း၏ AI နည်းပညာသုံး စမတ်ဒရုန်းများ၏ ပျံသန်းစစ်ဆင်နိုင်သောအကွာအဝေးကို တိုးချဲ့ရန်ကြိုးပမ်းနေကြောင်း သိရသည်။

ရုရှားနိုင်ငံသည် စမ်းသပ်မှုများပြုလုပ်ရန်အတွက် V2U ဒရုန်းခုနစ်စင်း သို့မဟုတ် ရှစ်စင်းပါ အသုတ်လိုက်ထုတ်လုပ်လျက်ရှိသည်။ ဤဒရုန်းများသည် တိုက်ရိုက်ရေဒီယိုလှိုင်းချိတ်ဆက်မှု မလိုအပ်ဘဲ အချင်းချင်းမျက်မြင်စောင့်ကြည့်နိုင်သည်ကိုပြသနေပြီး တုံ့ပြန်မှုရှိသောအုပ်စုလိုက်ဉာဏ်ရည်တစ်မျိုးကို ထုတ်ဖော်ပြသနေသည်။ အကယ်၍ ဒရုန်းတစ်စင်းပျောက်ကွယ်သွားပါက ကျန်ဒရုန်းများသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ရှောင်တိမ်းစစ်ဆင်နိုင်ရန် စတင်လုပ်ဆောင်ကြမည်ဖြစ်သည်။

ဤဒရုန်းသည် ခုနစ်ပေါင် အလေးချိန်ရှိသောထိပ်ဖူးကို သယ်ဆောင်နိုင်ပြီး ၆ ဒသမ ၆ ပေါင်ရှိသော KOFZBCh ဘက်စုံသုံးထိပ်ဖူး သို့မဟုတ် ၆ ဒသမ ၃ ပေါင်ရှိသော ပုံသွင်းခဲယမ်းထိပ်ဖူးအပါအဝင် ထိပ်ဖူးအမျိုးအမျိုးတပ်ဆင်အသုံးပြုနိုင်သည်။ လေဖိအားစနစ်သုံးလောင်ချာမှ လွှတ်တင်ပြီးနောက် internal combustion အင်ဂျင်ဖြင့် မောင်းနှင်ထားသောကြောင့် မျိုးဆက်သစ် V2U ဒရုန်းများသည် အကွာအဝေး ၆၂ မိုင်ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိကြမည်ဖြစ်သည်။

ယူကရိန်းဒရုန်းတီထွင်ထုတ်လုပ်သူ Serhii Flash Beskrestnov ၏ ဖော်ထုတ်ချက်များအရ ရုရှားနိုင်ငံသည် V2U အမည်ရှိ GPS လုံးဝမလိုအပ်သော၊ ဉာဏ်ရည်တု(AI)နည်းပညာကို အပြည့်အဝအသုံးပြုထားသော မျိုးဆက်သစ်ဒရုန်းများကို အလျင်အမြန်တီထွင်ထုတ်လုပ်လျက်ရှိခြင်းသည် ကမ္ဘာ့စစ်ရေးနည်းပညာနယ်ပယ်တွင် အသွင်ကူးပြောင်းမှုတစ်ခုကို အချက်ပြလိုက်ခြင်းပင်ဖြစ်သည်။ ၎င်းဒရုန်း၏ စက်အပြင်၊ ဒစ်ဂျစ်တယ်မြေပုံနှင့် AI Module တို့ ပေါင်းစပ်ပါဝင်မှုက အချက်ပြပိတ်ဆို့မှုများကြားတွင်ပင် ၆၂ မိုင်ထိ တိကျစွာထိုးဖောက်တိုက်ခိုက်နိုင်စွမ်းကို ဖန်တီးပေးနိုင်သည်။ ထို့ပြင် မိခင်ဒရုန်းများနှင့် တုံ့ပြန်မှုရှိသောအုပ်စုလိုက်ဉာဏ်ရည်မဟာဗျူဟာများကို စမ်းသပ်နေခြင်းသည် စစ်မြေပြင်တွင် လူသားတို့၏ ဆုံးဖြတ်ပေးမှုကို လျှော့ချလိုက်ပြီး ဒရုန်းတိုက်ခိုက်မှုများကို ကာကွယ်ရန်လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် ကြီးမားသောစိန်ခေါ်မှုကို ဖန်တီးလိုက်သည့် အနာဂတ်စစ်ပွဲခေတ်သို့ ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။

**Russia ups the UAV warfare game with 62-mile-range attack drone swarms ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံ၏ ဝေဟင်ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ် KJ-600 က နိုင်ငံတကာ၏စိတ်ဝင်စားမှုကို ဆွဲဆောင်နိုင်ခဲ့

တရုတ်နိုင်ငံ၏ ဝေဟင်ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ် KJ-600 သည် နိုင်ငံတကာ၏ စိတ်ဝင်စားမှုကို ဆွဲဆောင် နိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလေယာဉ်ကို ပေကျင်းမြို့၌ ပြုလုပ်ခဲ့သော တရုတ်နိုင်ငံ၏ V-Day စစ်ရေးပြအခမ်းအနားတွင် ဖူကျန့်လေယာဉ်တင်သင်္ဘော၏ လေကြောင်းတပ်ဖွဲ့ဝင်အဖြစ် ပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့ပြီး ထိုအချိန်မှစ၍မီဒီယာများတွင် တရားဝင်အသေးစိတ်ဆွေးနွေးမှုများ ပိုမိုပြုလုပ်လာခဲ့သည်။

တရုတ်နိုင်ငံပိုင် လေကြောင်းလုပ်ငန်းကော်ပိုရေးရှင်းလက်အောက်ရှိ အမှတ်(၁) လေယာဉ်သုတေသနဌာန အကြီးအကဲ Geng Yansheng က China Central Television(CCTV)နှင့် အင်တာဗျူးတစ်ခုတွင် KJ-600 လေယာဉ်ကို Nezha(နီကျား) ဟု အမည်ပြောင်ပေးထားပုံကို ရှင်းပြခဲ့သည်။ Nezha(နီကျား) သည် တရုတ်ဒဏ္ဍာရီမှဆင်းသက်လာသော ယဉ်ကျေးမှုဆိုင်ရာအမည်ပြောင်ဖြစ်သည်။ လေယာဉ်၏အင်ဂျင်များ၊ ဆင်းသက်သည့်ဘီးစနစ်နှင့် လေယာဉ်ဦးပိုင်းတို့သည် ဒဏ္ဍာရီလာဇာတ်ကောင် Nezha(နီကျား) နှင့် ဆက်စပ်နေသော ဦးခေါင်းသုံးခုနှင့် ဆင်တူနေသည့်အတွက် ၎င်းလေယာဉ်ကို နီကျားဟု ခေါ်ဝေါ်ကြောင်း၊ လေယာဉ်၏ ခေါက်သိမ်းနိုင်သော တောင်ပံနှစ်ခုနှင့် ဒေါင်လိုက်အမြီးဘက်တောင်ပံလေးခုတို့သည် နီကျား၏လက်ခြောက်ဖက်နှင့်ဆင်တူကြောင်း Geng က ပြောကြားခဲ့သည်။

ထို့ပြင် ရေဒါစလောင်းနှင့် လေယာဉ်ကိုယ်ထည်ပေါ်ရှိ အနီရောင်အမှတ်အသားများသည် နီကျား၏ ဒဏ္ဍာရီလာပုံပန်းသဏ္ဌာန်များကို အမှတ်ရစေသည်။ လေယာဉ်ပန်ကာများ၏ အရှိန်ပြင်းစွာလည်ပတ်နေမှုကိုလည်း ဒဏ္ဍာရီလာ လေနှင့် မီးဘီးများနှင့်နှိုင်းယှဉ်ဖော်ပြခဲ့သည်။

အဆိုပါအမည်ပြောင်နှင့် ပတ်သက်သည့်ဆွေးနွေးမှုများကို CCTV သတင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြထားသည်။ သတင်းဖော်ပြချက်အရ KJ-600 ကို လေယာဉ်တင်သင်္ဘောအုပ်စုများအတွက် ဝေဟင်ကွပ်ကဲရေးစခန်းအဖြစ် ဆောင်ရွက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်ဟု သိရသည်။ ရည်ရွယ်ချက်မှာ အခြေအနေဆိုင်ရာ အချက်အလက်များကို ရှာဖွေထောက်လှမ်းခြင်း၊ အာရုံခံသိရှိခြင်း၊ ပုံဖော်ခြင်းနှင့် ဖြန့်ဝေပေးခြင်းဖြင့် ရေတပ်၊ စစ်ရေယာဉ်စု၏ စစ်ဆင်ရေးများကို အထောက်အကူပြုနိုင်ရန်ဖြစ်သည်။ ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လေပိုင်နက်ထိန်းချုပ်မှုကို စီမံခန့်ခွဲခြင်းအပါအဝင် စစ်ရေးမဟုတ်သော မစ်ရှင်များအတွက်လည်း အသုံးပြုနိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။



KJ-600 သည် ကြိုတင်သတိပေးထောက်လှမ်းနိုင်မှုများဖြင့် လေယာဉ်တင်သင်္ဘောအခြေစိုက်လေယာဉ်များအတွက် စွမ်းအားမြှင့်တင်ပေးသူအဖြစ် သတ်မှတ်နိုင်ကြောင်း တရုတ်စစ်မှုရေးရာကျွမ်းကျင်သူ Zhang Xuefeng က Global Times သတင်းဌာနသို့ မှတ်ချက်ပြုခဲ့သည်။

တောင်ပံပုံသေတပ်လေယာဉ်များသည် လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနိုင်ပြီး အရွယ်အစားပိုမိုကြီးမားသောရေဒါများတပ်ဆင်နိုင်ခြင်းကြောင့် တာဝေးမှ ရေပြင်ရှုပ်၍ ပျံသန်းဝင်ရောက်လာနိုင်သော လေကြောင်းခြိမ်းခြောက်မှုများကို ထောက်လှမ်းနိုင်စွမ်းရှိသည်။

လေယာဉ် အင်ဂျင်ပိုင်းတွင်လည်း လေယာဉ်တင်သင်္ဘော၌ တင်ဆောင်နိုင်ရန်ရည်ရွယ်၍ ပင်လယ်ရေကြောင့်သံချေးတက်ခြင်းကို ခံနိုင်ရည်ရှိစေရန် တည်ဆောက်ထားသည်။ လေယာဉ်တင်သင်္ဘောပေါ်သို့ ပြန်လည်ဆင်းသက်ချိန် အဆင်မပြေသည့် အခြေအနေမျိုးတွင်လည်း လှိုင်းကျော်ပျံတက်၍ လှုပ်ရှားစစ်ကစားပျံသန်းနိုင်စွမ်းအတွက် အင်ဂျင်ပါဝါကို ရုတ်ခြည်းတိုးမြှင့်ပေးနိုင်စွမ်းရှိမည်ဖြစ်သည်။ အင်ဂျင်အစိတ်အပိုင်းများကို Catapult Takeoffs နည်းလမ်းဖြင့် ပျံတက်ခြင်း၊ Arrested Recoveries ကြိုးဖြင့်ဖမ်း၍ ပြန်လည်ဆင်းသက်ခြင်း၊ လေယာဉ်ပြေးလမ်းပေါ်တွင် ဖြစ်ပေါ်နိုင်သည့် မတော်တဆထိခိုက်မှုများ အစရှိသဖြင့် ကြုံတွေ့လာနိုင်ဖွယ်ရှိသည့် အနေအထားမျိုးစုံကို ခံနိုင်ရည်ရှိစေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**China's new carrier-based early warning aircraft nicknamed "Nezha" ကို ဘာသာပြန် ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိသဿချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိသဿချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းငွေးကပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ရေဘဝဲပိသဿချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ရေဘဝဲပိသဿချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်စျေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်စျေးကွက်ကို အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ရေဘဝဲပိသဿချိန် ၆၆၀၀၀ ထိ တင်ပို့ ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်အပေါ်မူတည်ပြီး စျေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေအဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ရေဘဝဲတွေကို ဒေသစျေးကွက်က ဒေသတွင်းအပြင် အခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းငွေးက ပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၇၅၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၅၅၀၀ ပေါက်စျေးရှိကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ဖူးစားပြောင်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းကေ အားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၄၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပြောင်းစိုက်ခင်းများကို ယခုနှစ် သြဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ဖူးစားပြောင်း ၆၄၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိ ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွဲတပ်ဆုံကျေးရွာအုပ်စု ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆူးပုတ်ကန်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၄၄ သိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဆူးပုတ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၉ သိန်း ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၆ ဦးကို ငွေကျပ် ၃၄ သိန်း ၉၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို ရန်ပုံငွေကျပ် ၄၄ သိန်း ၅ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**






# ငပုတောမြို့နယ် ကြက်ချေးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ငပုတော နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ ကြက်ချေးချောင်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၁ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးရယ်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သန်း ၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြက်ချေးချောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၃ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ်ငါးသန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၂ ဦးကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**




# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သံတမန်များကို မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ ရှင်းလင်းပြောကြား





**ရန်ကုန် နိုဝင်ဘာ ၁၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များအား ရှင်းလင်းပြောကြားခြင်း အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊နိုင်ငံခြားရေးဝန်ကြီးဌာန၊ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး အားလုံးပါဝင်သော ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်နေမှုများ၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့် အစီအစဉ်များ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ကန့်သတ်ထားခြင်းမရှိဘဲ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ခြင်း၊ ပွင့်လင်းမြင်သာသည့်ရွေးကောက်ပွဲဖြစ်စေရန် အတွက် ပြည်တွင်း၊ပြည်ပမှ လေ့လာသူအဖွဲ့များ၊ နိုင်ငံတကာမှ သံတမန်များနှင့်အဖွဲ့အစည်းများကိုဖိတ်ကြားထားခြင်း၊ ပြည်တွင်းပြည်ပမီဒီယာများကို မှတ်ပုံတင်ခွင့်ပြုထားခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ရန်နှင့် ထိတွေ့ဆွေးနွေးမှုများမှတစ်ဆင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင်ပါဝင်ရန် ဖိတ်ခေါ်မှုအခြေအနေများ၊ နယ်စပ်ဒေသများကို အခြေပြု၍ဖြစ်ပေါ်နေသည့် နိုင်ငံဖြတ်ကျော်မှုခင်းများ၊ နယ်စပ်အခြေပြုလက်နက်ကိုင်အဖွဲ့များက ကာစီနို၊ အွန်လိုင်းလောင်းကစားစသည်တို့ကို နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့်အတူ ကျူးလွန်ဆောင်ရွက်နေမှုများကို တိုက်ဖျက်နေသည့်ကိစ္စများ၊ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ယခုနှစ် နိုဝင်ဘာလထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာနယ်စပ်သို့ အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် တရားမဝင်ရောက်ရှိနေသည့် နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံခြားသား ၆၇၉၈၂ ဦးကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများထံသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ အိမ်နီးချင်းနယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး KK Park နယ်မြေများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့်ဂိုဏ်းများကို တိုက်ဖျက်ခြေမှုန်းနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့ပြင် မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်သူများ၏ ၉၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့်ကုန်းလမ်းမှဝင်ရောက်လာခြင်း၊ ယင်းရာဇဝတ်ဂိုဏ်းများ၊ လက်နက်ကိုင်အဖွဲ့အစည်းများသည် အင်တာနက်၊ လျှပ်စစ်မီး၊ ငွေကြေးလွှဲပြောင်းမှုများကို အိမ်နီးချင်းနိုင်ငံများမှ အခြေခံအဆောက်အအုံများကို အသုံးပြုဆောင်ရွက်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါနယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် အိမ်နီးချင်းနိုင်ငံများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိမြေပြင်အခြေအနေများကို သံတမန်များအနေဖြင့် သက်ဆိုင်ရာအစိုးရများထံ မှန်ကန်စွာတင်ပြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံနည်းစနစ်အကြောင်းရှင်းလင်းသရုပ်ပြရာ တက်ရောက်လာသည့် သံတမန်များက Electronic Voting Machine ကို လက်တွေ့စမ်းသပ်အသုံးပြုခြင်း၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် မြန်မာနိုင်ငံ၌ မထုတ်လုပ်နိုင်သည့် ဓာတုအခြေပြုမူးယစ်ဆေးဝါးများ နယ်စပ်နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ဝင်ရောက်နေမှုများထိန်းချုပ်နိုင်ရေး၊ EAOs များ အဓိကပါဝင်နေပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုနှင့် တိုက်ရိုက်သက်ဆိုင်နေခြင်းတို့ကြောင့် အလေးထားဆောင်ရွက်နေကြောင်း၊ ယင်းကို အိမ်နီးချင်းနိုင်ငံများက ဝိုင်းဝန်းထိန်းချုပ်ပေးရန်နှင့် အလေးထားစောင့်ကြည့်အရေးယူ ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုကြောင်းဖြင့် ပြောကြားပြီး အွန်လိုင်းလောင်းကစားဂိုဏ်းများ တိုက်ဖျက်ရာ၌ထိန်းသိမ်း၍ ပြန်လည်ပို့ဆောင်ခဲ့ရသူအချို့၏ ဖြေကြားချက်များကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ထို့အတူ KK Park ရှိ အဆောက်အအုံ စုစုပေါင်း ၆၂၅ လုံးအနက် ပထမအဆင့်တွင် ၁၄၈ လုံး ဖြိုချဖျက်ဆီးနေမှု၊ ဒုတိယအဆင့်တွင် ၆၂ လုံး၊ တဖတိယအဆင့်တွင် ၄၂၅ လုံး ဆက်လက်ဖြိုချသွားမည့်အခြေအနေများကို ပြောကြားခဲ့ပြီး ရောက်ရှိနိုင်ငံ၊ မူရင်းနိုင်ငံနှင့် တစ်ဆင့်ခံနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုအရေးကြီးကြောင်း ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

ကွန်ကရစ်ဇလီဖားစက်ရုံသို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများက ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်ဖျက်ဆီးခဲ့ခြင်းကြောင့် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ပျောက်ဆုံး၊ ပျက်စီးသွားခဲ့သော စက်စွည်းများ၊လျှပ်စစ်ပစ္စည်းများ၊ အရန်ထားရှိသည့် ပစ္စည်းများ၊ ယာဉ်ယန္တရားများ စုစုပေါင်း ၁၇၉ မျိုး၊ ကာလတန်ဖိုးငွေကျပ် ၃၈၈၈ ဒသမ ၆၂ သန်းခန့် ဆုံးရှုံးခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံအမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးနှင့် လုပ်ငန်းအပေါ်မူတည်၍ အရေးကြီးသည့်ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်ရန် ကိစ္စရပ်များကိုမှာကြားကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သီပေါမြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(အော်တိုအိတ်ချိန်း)ရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(မြို့နယ်ရုံး)၊ သီပေါဘူတာနှင့် မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်)တို့ကို ကြည့်ရှုစစ်ဆေးကာ မြန်မာ့စာတိုက်လုပ်ငန်း (သီပေါစာတိုက်)၌ ဝန်ကြီးဌာန၏ဌာနဆိုင်ရာ တာဝန်ရှိသူများကိုတွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက်အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရေးနှင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာ၌ စေတနာထား ကြိုးစားဆောင်ရွက်ရေးကိစ္စများကိုမှာကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့သို့ သွားရောက်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးသင်တန်းခန်းမ၌ ဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ကျောက်မဲဘူတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာနှင့် ယာဒ်ဝန်းများသန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရထားများပြန်လည်ပြေးဆွဲနိုင်ရေးအတွက်လမ်းပိုင်းကြံ့ခိုင်မှုအခြေအနေများကို စစ်ဆေးပြုပြင်သွားရန်ကိစ္စရပ်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်ဘူတာသို့ရောက်ရှိပြီး ရာနှုန်းပြည့်ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည့် ဂုတ်ထိပ်တံတားကြီးပေါ်မှ ကုန်တန်ချိန် ၂၀၉ တန်တင်ဆောင်ထားသည့် ရထားတွဲဆိုင်းဖြင့် စမ်းသပ်ဖြတ်သန်းမောင်းနှင်နေမှုကိုကြည့်ရှုကာ RGC သံလမ်းပြေးယာဉ်ဖြင့် ဂုတ်ထိပ်ဘူတာမှ လားရှိုးဘက်ခြမ်းတံတားထိပ်ထိလိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါဂုတ်ထိပ်တံတားသည် ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရမှုကြောင့် တံတားကြီး၏ လားရှိုးဘက်ခြမ်း ကမ်းကပ်ခုံနှင့် တံတားတိုင်အမှတ် (၁၆)အကြား တံတားသံဘောင်နှစ်ဖက်စလုံး ကျိုးကျပျက်စီးခဲ့ရပြီး ယင်းပျက်စီးသွားသော တံတားသံဘောင်နေရာများ၌ မြန်မာ့မီးရထားအင်ဂျင်နီယာဌာန၏ တံတားဘောင်အလုပ်ရုံ(ရန်ကုန်)ကထုတ်လုပ်သည့် သံဘောင်များဖြင့် ရက်ပေါင်း ၇၆ ရက်အတွင်း ပြန်လည်အစားထိုးတပ်ဆင်ပြီး ရှေးမူမပျက်ပြန်လည်ပြင်ဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဂုတ်ထိပ်တံတားကြီးကို အချိန်တိုအတွင်း အမြန်ပြီးစီးအောင်ကြိုးစားဆောင်ရွက်ခဲ့ကြသည့် တံတားပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂုတ်ထိပ်ဘူတာသို့ RGC ရထားဖြင့် ပြန်လည်ရောက်ရှိပြီး သမိုင်းအမွေအနှစ်တံတားကြီးတစ်ခုဖြစ်သည့်အပြင် ပြည်တွင်းပြည်ပမှခရီးသွားများ အထူးစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည့်အတွက် ဘူတာနှင့်ဘူတာယာဒ်ဝန်းကို အမြဲတမ်းသန့်ရှင်းသာယာ လှပအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုအခါ မြန်မာ့မီးရထားမှ အင်ဂျင်နီယာဝန်ထမ်းများက အဆိုပါဂုတ်ထိပ်တံတားကြီး၏ ပျက်စီးသွားသည့်အစိတ်အပိုင်းကို ရှေးမူရင်းလက်ရာ ဒီဇိုင်းပုံစံအတိုင်း ပြန်လည်ပြင်ဆင်ပြုပြင် ပြီးစီးပြီဖြစ်၍ ယခင်ပြင်ဦးလွင်ဘူတာမှ ဂုတ်ထိပ်ဘူတာသို့ ပြေးဆွဲပေးလျက်ရှိသော ရှုခင်းကြည့် RBE ရထားများကိုလည်း မကြာမီပြန်လည်ပြေးဆွဲပေးသွားနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့်သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ ကျင်းပ




**မန္တလေး နိုဝင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများကို သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်နှင့် သားသမီးများအား ပညာသင်စရိတ်ဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင်ပါရှိသည့် အာမခံစနစ် ခြောက်မျိုးအနက် နိုင်ငံ၏အခြေအနေနှင့် ကိုက်ညီဆောင်ရွက်နေသော အာမခံစနစ် သုံးမျိုးမှ စုစုပေါင်းအကျိုးခံစားခွင့် ၁၅ မျိုးကို ရရှိခံစားရမည်ဖြစ်ပြီး ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်ထည့်ဝင်ကြေးပေးသွင်းထားရှိပါက မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့်နှင့် ပညာသင်စရိတ်ခံစားခွင့်များကို ရရှိမည်ဖြစ်ကြောင်း၊မန္တလေးငလျင်ဘေးသင့်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အလုပ်ဌာန ၇၄၃၀၊ အာမခံအလုပ်သမား ဦးရေ၁၂၁၃၀ကိုသဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာနှုန်း ထုတ်ပေးသည့် ယနေ့အခမ်းအနားတွင် အာမခံအလုပ်သမား ၂၅၅၃၄ ဦးအတွက် ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း စုစုပေါင်းအာမခံအလုပ်သမား ၇၈၃၄၂ ဦးအတွက် ငွေကျပ် ၆၂၃၆ ဒသမ ၅၄၆ သန်းကို Online Payment စနစ်ဖြင့် အာမခံအလုပ်သမားများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်နိုင်ခဲ့ပြီး လျှောက်ထားလာသည့် အလုပ်သမားများ၏ ၉၉ ဒသမ ၁၆ ရာနှုန်းကို ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ထို့ပြင် ခွင့်ပြုပေးရန်ကျန်ရှိသည့် အာမခံအလုပ်သမား ၂၂၉ ဦးတို့၏ သားသမီး ၃၁၃ ဦးတို့အတွက် ပညာသင်စရိတ်ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်း ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမား ၁၁၂၁၉ ဦးတို့၏ သားသမီး ၁၅၂၁၃ ဦးတို့အတွက် ပညာသင်စရိတ်စုစုပေါင်းငွေကျပ် ၅၉၈ ဒသမ ၉၀၅ သန်း ထောက်ပံ့ပေးအပ်ပြီးဖြစ်၍ လျှောက်ထားသည့် အလုပ်သမားများ၏ ၉၅ ဒသမ ၃၆ ရာနှုန်းကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာနှုန်း ငွေကျပ် ၂၀၂၀ ဒသမ ၃၁၉ သန်းနှင့် ပညာသင်စရိတ်ထောက်ပံ့ကြေး ငွေကျပ် ၁၂ ဒသမ ၁၀၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို အဆိုပါခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့ချုပ်များ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ခုံသမာဓိအဖွဲ့ဝင်များ၊မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဆိုပါနှီးနှောဖလှယ်ပွဲကို အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့် အညီ စစ်ဆေးဆုံးဖြတ်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများအတွက် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ပြုလုပ်ရခြင်းဖြစ်သောကြောင့် နှီးနှောဖလှယ်ပွဲသို့တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေများ၊အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)ဖြင့် ဖြေရှင်းဆောင်ရွက်ပေးခြင်းကြောင့် အငြင်းပွားမှုများ လျော့နည်းလာသည့် အခြေအနေများနှင့် တက်ရောက်သူများက မိမိတို့၏အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြစေလိုကြောင်းပြောကြားပြီး ပထမပိုင်းအစီအစဉ်ရုပ်သိမ်းကာ ဒုတိယပိုင်းအစီအစဉ်ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၁၂**

မန္တလေးမြို့ နန်းမြို့တွင်းရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများနှင့် မြို့နယ်အဆင့်အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး၊ တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် ထူးချွန်ဆုရ ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ဒီဂရီကောလိပ်နှင့် ကောလိပ်များမကြာမီတွင်ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင်ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရှိ ကျောင်းများတွင်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပမည့် ဒီဇင်ဘာ ၂၈ ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများကို ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များက ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွတ်လပ်မျှတ၊ မဲပေးကြ"**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် Student's Cultural Exchange programme ပိတ်ပွဲအခမ်းအနားကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၁၂**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်သော မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ''Student's Cultural Exchange Programme'' ကို နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်ထိ ရန်ကုန်မြို့ရှိ Summit Parkview Hotel ၌ကျင်းပခဲ့ပြီး ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍ ဖလှယ်ခြင်းသည် အရေးပါသည့်ကဏ္ဍများထဲက တစ်ခုဖြစ်ကြောင်း၊ နိုင်ငံများအကြားအပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ တစ်ဦးပေါ်တစ်ဦး အပြန်အလှန်နားလည်ပေးနိုင်မှုတို့အပေါ် အခြေခံထားသော နွေးထွေးသောချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းရင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တရုတ်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှ ဆရာနှင့်ကျောင်းသားကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်များပေးအပ်ကာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက ကျေးဇူးတင်စကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာဦးစီးဌာနမှ ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် Student's Cultural Exchange program တွင် ပါဝင်သော ဆရာ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမျိုးသားပြတိုက်နှင့် ဝန်ကြီးများရုံးသို့လေ့လာခဲ့ကြပြီး ယဉ်ကျေးမှုဖလှယ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို နိုင်ငံအလိုက်ဆွေးနွေးကြသည်။

နိုဝင်ဘာ ၁၀ ရက်တွင် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းသား၊ကျောင်းသူများ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာကျောင်းသားကိုယ်စားလှယ်က မြန်မာကျောင်းများ၏ အလေ့အထ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာဆိုင်ရာများ၊ တရုတ်နိုင်ငံကျောင်းသားကိုယ်စားလှယ်က Chongqing Education System အလေ့အထဆိုင်ရာများနှင့် ထိုင်းနိုင်ငံကျောင်းသားကိုယ်စားလှယ်က ပညာရေး၊ ရိုးရာယဉ်ကျေးမှုအနုပညာဆိုင်ရာများကို တင်ပြဆွေးနွေးကြပြီး တာဝန်ရှိသူများက အနှစ်ချုပ်ဆွေးနွေးကြသည်။

နိုဝင်ဘာ ၁၁ ရက်တွင် Student's Cultural Exchange program တွင် ပါဝင်သော ဆရာ၊ ကျောင်းသား၊ကျောင်းသူများနှင့်တာဝန်ရှိသူများသည် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် ရွှေတိဂုံစေတီတော်တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ဂီတအနုပညာရှင်များ ဆက်လက်ပါဝင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဂီတအနုပညာရှင်များက အသိပညာပေးနှိုးဆော်မှုများရိုက်ကူးရေးတွင် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တေးသံရှင် ဖြိုးကြီး၊ ဝေကြီး၊ ဝန၊ ဖြိုးပြည့်စုံ၊ သားငယ်၊ သားသား၊ ဖြိုးလေး၊ ပိုပို၊ ချယ်ရီသင်း၊ ထိုက်ထိုက်၊ မိဖူး၊ ထက်အဍ္ဍလီ၊ Mဆိုင်းလူ၊ Mary နှင့် မေတို့က နိုဝင်ဘာ ၁၀ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်သည်။





ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံးက ရွေးကောက်ပွဲကြီးတွင် ပါဝင်မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွဖော်ဆောင်နိုင်ရန်အတွက် ပြည်သူချစ်သော ဂီတအနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် ဆက်လက်ပြီးလည်း ဂီတအနုပညာရှင်များစွာ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။





ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၃ ရက်မှ ၉ ရက်ထိ နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၆ ဒသမ ၆၃၂၁ တန်၊ သစ်မာ ၇ ဒသမ ၀၇၁၀ တန်၊ အခြား ၄၃ ဒသမ ၂၂၉၇ တန် စုစုပေါင်း ၅၆ ဒသမ ၉၃၂၈ တန်၊ ယာဉ်၊ ယန္တရား လေးစီး၊ တရားခံ ခုနစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး




**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်


## သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ




## သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်း မှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

## သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

## သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တက်ရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနုများမှ သွေးထွက်ခြင်း




**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

## ခြင်ကျားလောက်လန်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

## ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။**

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၄-၁၁-၂၀၂၅)

## ၂၀၂၅ ခုနှစ် ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန် တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။

☆ အသိပညာ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ရေး။

☆ အမျိုးသားပညာရေးကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။

☆ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



လိုင်စင်မဲ့မော်တော်ယာဉ် (Toyota Alphard 2012 Model)



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်



တရားမဝင် သစ်များ



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်



လိုင်စင်မဲ့မော်တော်ဆိုင်ကယ်



လိုင်စင်မဲ့မော်တော်ယာဉ် (Honda Fit 2013 Model)

**နေပြည်တော် နိုဝင်ဘာ ၁၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀ နှင့် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၉၈၀၀၀ တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မုံရွာမြို့နယ် ကွေ့ကြီးရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ(ချက်ဆီ) ၄၅ ဂါလန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၀၀၀ ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၈၃၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ပေါင်မြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် လှိုင်ဈေးလမ်း အမှတ်(၁၁၁/A)ရှိ ဂိုဒေါင် တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၆၂၃၈၆၀၀ ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သောကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၂၂၃၈၆၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ၌ တရားမဝင် အခြားသစ် သုည ဒသမ ၆၇၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀ ကို သစ်တောဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၃)ရပ်ကွက်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၁၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ဟင်္သာတမြို့နယ် ဥယျာဉ်မြောက်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၅ ရက်မှ ၉ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၈၀၂၆၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီး စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၂**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Great Merger Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AVATR 12A (ULTRA) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ UV Automotive Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EHS7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် N.P.K Motors Co., Ltd က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Leapmotor B10 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေးကြေညာ

၁။ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို ၁၁-၁၁-၂၀၂၅ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီးဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို ၂၄-၁၁-၂၀၂၅ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၁-၁၁-၂၀၂၅)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀ ၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၁၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၉၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၁၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

**မှတ်ချက်။**
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး

## အဓမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရား ထူထောင်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အဓမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သေော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါ တိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

**အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ**
**တိုင်ကြားမှုယန္တရား**
**(National Complaint Mechanism-NCM)**
ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊
၀၆၇-၃၄၃၀၄၃၆
E-mail directorgeneral.dol@gmail.com
moloffice51@gmail.com
organizationresearch25@gmail.com

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏ တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိမရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။



## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အဓမ္မခိုင်းစေခံရသူ (သို့မဟုတ်)

၂။ အဓမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)

၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အဓမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပဏာမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ်(သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွယ်နေသူများနှင့် အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဒူလ်ဇူရာဒေသတွင် လောင်ကျွမ်းနေသောတောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ



**ဝါရှင်တန် နိုဝင်ဘာ ၁၂**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဒူလ်ဇူရာဒေသတွင် နိုဝင်ဘာ ၉ ရက်မှစတင်၍ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်တွင် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း ကယ်လီဖိုးနီးယားပြည်နယ်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် အမေရိကန်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံ နယ်စပ်ဖြစ်သည့် မာရွှန်ချိုင့်ဝှမ်းမှစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် ဒူလ်ဇူရာဒေသသို့ကူးစက်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရေးအတွက် ကြိုးစားပေးနေသည့် မီးသတ်တပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တောမီးဟာ မီးပေါ့ဆမှုကြောင့်ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လေကြောင်းအကူအညီပါ ရယူထားပါတယ်။ လူနေအိမ်ခြေတွေနဲ့ အခြေခံအဆောက်အအုံတွေဆီကို မကူးစက်ဖို့အတွက် ဦးစားပေး ငြိမ်းသတ်ပေးနေပါတယ်" ဟု ကယ်လီဖိုးနီးယားပြည်နယ် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## အင်္ဂလန်နိုင်ငံရှိ ကင့်ပြည်နယ်တွင် ရေထုညစ်ညမ်းမှုကြောင့် ငါးများ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း EA က ထုတ်ပြန်

**လန်ဒန် နိုဝင်ဘာ ၁၂**

အင်္ဂလန်နိုင်ငံရှိ ကင့်ပြည်နယ်တွင် ရေထုညစ်ညမ်းမှုကြောင့် ငါးများ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA) က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

အင်္ဂလန်နိုင်ငံရှိ ကင့်ပြည်နယ် ကန်တာဘရီမြို့အနီး မြစ်၊ ချောင်းများတွင် ရေထုညစ်ညမ်းမှုကြောင့် ငါး ထောင်ပေါင်းများစွာသေဆုံးခဲ့ကြောင်း၊ သေဆုံးသည့် ငါးတန်ချိန် အတိအကျကို စိစစ်နေဆဲဖြစ်ကြောင်း၊ သေဆုံးခဲ့သည့် ငါးမျိုးစိတ်အများစုမှာ ငါးကြင်းနှင့် ငါးတန်များဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA) ၏ ထုတ်ပြန်ချက်အရ မြစ်၊ ချောင်းများအတွင်းမှာ စွန့်ပစ်ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှု၊ ဓာတုစွန့်ပစ်ပစ္စည်းများကို ရေထုအတွင်း အလွယ်တကူစွန့်ထုတ်မှု စသည့်အကြောင်းရင်းများကြောင့် ရေထုညစ်ညမ်းမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး ထိုသို့ စည်းကမ်းမဲ့ပြုလုပ်သည့်သူများကို ဖော်ထုတ်ရန်စစ်ဆေးမှုများ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်နေကြကြောင်း သိရသည်။



ကင့်တောရိုင်းတိရစ္ဆာန်ကယ်ဆယ်ရေးအဖွဲ့သည် ရေနေသတ္တဝါများ ထပ်မံသေကျေဆုံးရှုံးမှုမဖြစ်စေရေးအတွက် ရေနမူနာများကို စစ်ဆေးမှုများ ဆောင်ရွက်နေပြီး ရေနေသတ္တဝါများ၏ အသက်ရှင်သန်မှုအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါ ရေထုညစ်ညမ်းမှုက ရေနေသတ္တဝါများအပြင် တောရိုင်းတိရစ္ဆာန်များကိုပါ သက်ရောက်မှုရှိ၊ မရှိကိုလည်း စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ထို့ပြင် ငါးအသေကောင်များကြောင့် ရေထုညစ်ညမ်းပြီး မကောင်းသော အနံ့အသက်များ အနီးပတ်ဝန်းကျင်သို့ မပျံ့စေရေး တောရိုင်းတိရစ္ဆာန်ကယ်ဆယ်ရေး အဖွဲ့က အာဏာပိုင်များနှင့်ပူးပေါင်း၍ ငါးအသေကောင်များကို ရှာဖွေဆယ်ယူနေကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## ဖိလစ်ပိုင်နိုင်ငံ တိုင်ဖွန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံက ကန်ဒေါ်လာ ၂ ဒသမ ၄ သန်း လှူဒါန်း

**ပေကျင်း နိုဝင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ တိုင်ဖွန်းမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် တရုတ်နိုင်ငံက လူသားချင်းစာနာထောက်ထားရေး အစီအစဉ်အရ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း လှူဒါန်းခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် ဒေသခံပြည်သူ ၂၂၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၂၆ ဦး ထိခိုက်ဒဏ်ရာရရှိကာ ၁၀၉ ဦးထက်မနည်း ပျောက်ဆုံးနေကြောင်း၊ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု နှုန်းမြင့်မားသည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ၏ အကူအညီလိုအပ်နေကြောင်း သိရသည်။

"ဖိလစ်ပိုင်နိုင်ငံမှာ တိုင်ဖွန်းမုန်တိုင်းကြောင့် ကြီးမားတဲ့ပျက်စီးဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ သေဆုံးသူများပြားခဲ့သလို ရေဘေးဒဏ်သင့်ပြည်သူတွေလဲ များပြားခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားရေးအစီအစဉ်နဲ့ နှစ်နိုင်ငံချစ်ကြည်ရေးအရ မုန်တိုင်းဒဏ်နဲ့ ရေဘေးဒဏ်သင့် ဖိလစ်ပိုင်ပြည်သူတွေအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်း လှူဒါန်းပံ့ပိုးနိုင်ခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံအနေနဲ့ အရေးပေါ်ကူညီပံ့ပိုးမှုတွေ လိုအပ်နေဆဲဖြစ်ပါတယ်။ မုန်တိုင်းအန္တရာယ်နဲ့ ရေဘေးအန္တရာယ်ကြောင့် မိသားစုဝင်တွေ ဆုံးရှုံးလိုက်ရတဲ့ ဖိလစ်ပိုင်ပြည်သူတွေနဲ့ ထပ်တူဝမ်းနည်းမိပါတယ်"ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လင်ဂျီအန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အင်္ဂလန်နိုင်ငံ ရှေ့သာဟမ်ကောင်စီနယ်မြေတွင် ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးကို ၂၀၂၈ ခုနှစ်တွင် အပြီးတည်ဆောက်မည်

**လန်ဒန် နိုဝင်ဘာ ၁၂**

အင်္ဂလန်နိုင်ငံ ရှေ့သာဟမ်ကောင်စီနယ်မြေတွင် ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးကို ၂၀၂၈ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း ရှေ့သာဟမ်ကောင်စီက ထုတ်ပြန်ခဲ့သည်ဟု နိုဝင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါတည်ဆောက်ရေးတွင် စတာလင်ပေါင် ခြောက်သန်းထိ အသုံးပြုသွားမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သော်လည်း နည်းပညာပိုင်းဆိုင်ရာ အခက်အခဲများကြောင့် အနည်းငယ်နောက်ကျနိုင်သည်ဟု ရှေ့သာဟမ်ကောင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"လက်ရှိ တည်ဆောက်နေတဲ့ ရေဘေးအန္တရာယ် တားဆီးရေးအကာအကွယ် တည်ဆောက်ရာမှာ နည်းပညာပိုင်းစိန်ခေါ်မှုတွေ ရှိလာနိုင်တယ်။ ကုန်ကျစရိတ်ကလဲ မျှော်မှန်းထားတာထက် ပိုပြီးတော့ မြင့်မားနိုင်ပါတယ်။ ဒါပေမဲ့လဲ ၂၀၂၈ ခုနှစ်အရောက်မှာ စီမံကိန်းကို အပြီးတည်ဆောက်သွားမယ်"ဟု ရှေ့သာဟမ်ကောင်စီဝင်တစ်ဦးက ပြောကြားသွားခဲ့သည်။

ရေဘေးအန္တရာယ် ကာကွယ်ရေးအတားအဆီးများ တည်ဆောက်ရာတွင် နည်းပညာပိုင်းစိန်ခေါ်မှုများကိုလည်း ရင်ဆိုင်ရနိုင်သည့်အတွက် တည်ဆောက်ရေးလုပ်ငန်းကို ကုမ္ပဏီများကြား ပူးပေါင်းဆောင်ရွက်စေမည် မဟုတ်ဘဲ ကန်ထရိုက်တစ်ဦးတည်းကိုသာ တာဝန်ပေးထားကြောင်း၊ ကုန်ကျစရိတ်မြင့်မားလာနိုင်သော်လည်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ အဆမတန် မြင့်မားလာနိုင်သည့်အတွက် အနာဂတ်ကိုမျှော်မှန်း၍ ငွေကြေးသုံးစွဲကာ စီမံကိန်းကို တည်ဆောက် သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## ချီလီနိုင်ငံတွင် မျိုးသုဉ်းရန်အန္တရာယ်ရှိသော ဟမ်းဘော့ပင်ဂွင်များ ကောင်ရေ ၂၀၀၀၀ အောက်ကျဆင်း

**ဆန်တီယာဂို နိုဝင်ဘာ ၁၂**

ချီလီနိုင်ငံတွင် မျိုးသုဉ်းရန် အန္တရာယ်ရှိသော ဟမ်းဘော့ပင်ဂွင်များ ကောင်ရေ ၂၀၀၀၀ အောက် ကျဆင်းလာသည်ဟု ချီလီနိုင်ငံ သိပ္ပံပညာရှင်များက ယနေ့တွင် ပြောကြားခဲ့သည်။

အပူအအေးမျှတသော ဒေသများရှိ ကျောက်ဆောင်ကမ်းရိုးတန်းများတွင်နေထိုင်သော ပင်ဂွင်မျိုးစိတ်များထဲမှ တစ်မျိုးဖြစ်သည့် ဟမ်းဘော့များသည် ယခုအခါ အပူချိန်မြင့်တက်မှု၊ စားကျက်မြေများရှားပါးမှု၊ အလွန်အကျွံအမဲလိုက်မှုစသည်တို့ကြောင့် ကောင်ရေ ပိုမိုလျော့နည်းလာနိုင်ခြေရှိကြောင်း ချီလီနိုင်ငံ သိပ္ပံပညာရှင်များက သတိပေးခဲ့သည်။

အဆိုပါသတိပေးချက်မှာ ချီလီအစိုးရမှ ၎င်းတို့ကို မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်အဖြစ် ပြန်လည် သတ်မှတ်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ချီလီနိုင်ငံ၏ ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းသည် ကမ္ဘာပေါ်ရှိ ဟမ်းဘော့ပင်ဂွင် ၈၀ ရာခိုင်နှုန်းခန့် နေထိုင်ရာနေရာဖြစ်ပြီး Universidad de Concepcion တက္ကသိုလ်မှ သိပ္ပံပညာရှင်များ အဆိုအရ ဟမ်းဘော့ပင်ဂွင်အရေအတွက်သည် ၁၉၉၀ ပြည့်လွန်နှစ်များက ကောင်ရေ ၄၅၀၀၀ ခန့်ရှိခဲ့သော်လည်း ယခုအခါ ကောင်ရေ ၂၀၀၀၀ အောက်သို့ ကျဆင်းသွားကြောင်း သိရသည်။

ချီလီအမျိုးသားတိရစ္ဆာန်ရုံမှ ရေနေဇီဝဗေဒပညာရှင် ဂီယာမို ကူးဘီလိုစ်က အစားအစာနှင့် စီးပွားဖြစ်အတွက် အလွန်အကျွံ ဖမ်းဆီးခြင်းကြောင့် ပင်ဂွင်အရေအတွက် လျော့နည်းလာခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေသည် မျိုးသုဉ်းရန် အန္တရာယ်ရှိသော အဆင့်မှ အလွန်အန္တရာယ်ရှိသော အဆင့်သို့ ပြောင်းလဲသွားဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# ကြယ်တွေစုံသော ညတစ်ည

ကိုရွှေတောသား(ဆင်ကူး)



(၁)

တိမ်စိုင်တိမ်ခဲများကင်းစင်ခါစရှိကာ ကြည်ပြာနေသောကောင်းကင်ပြင်တွင် လမင်းကြီးကိုဗဟိုပြု၍ ကြယ်ကလေးများက လင်းလက်တောက်ပနေကြသည်။ ကောင်းကင်ထက်တွင် လမင်းကြီးနှင့်အပြိုင် ကြယ်တွေစုံနေသည့် သာယာလှသော သည်ညလေးတွင် ကျွန်တော်နှင့် ညီအစ်ကိုမောင်နှမများ အမေ့အိမ် ရောက်ရှိနေကြသည်။ သည်လိုကြယ်တွေစုံတဲ့ည။ သိပ်ကိုထူးခြားသည့်ညမျိုးကို ကျွန်တော်က အမြတ်တနိုးဖြင့်ငေးကြည့်မိသည်။ ညသည်လည်း သာယာချမ်းမြေ့နေသည်။ ဧည့်ခန်းတွင် အမေကတော့မြေးများကို ပွေ့ချီလိုက် စနောက်လိုက်ဖြင့် ပျော်ရွှင်နေသည်။

" ကိုစိုး စီးပွားရေးအခြေနေ ဘယ်လိုလဲ။ အဆင်ပြေကြရဲ့လား" ဟု ညီအလတ်က ကျွန်တော့်နားလာထိုင်ရင်းမေးသည်။

တစ်ယောက်တစ်နေရာဆီ အနေဝေးနေကြသည့် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများ ယခုမှပင် ပြန်လည်ဆုံတွေ့ကြခြင်းဖြစ်သည်။ ကျွန်တော်က ညီအလတ်ဖြစ်သူ၏မေးခွန်းကို တော်တော်နှင့်မဖြေမိ။ ညာလည်းမညာချင်သလို အမှန်အတိုင်းလည်း မပြောချင်ဖြစ်နေသည်။

"ဒီလိုပါပဲ ဖိုးကျော်ရာ၊ ဒါနဲ့ မင်းတို့မိသားစုကော အဆင်ပြေကြရဲ့လား၊ အခုပြည်မှာပဲလား၊ အရင်တုန်းက နေတဲ့နေရာမှာပဲလား"

ကျွန်တော်က ညီအလတ်နေသည့်အိမ်ကို ရောက်ခဲ့ဖူးလေတော့ စကားကိုအစအဆုံးချီကာ ပြောရင်းမေးလိုက်သည်။ ညီအလတ်၏မျက်နှာကတော့ ညဘက်လရောင်အောက်မှာတင် ဝင်းပသွားသည့်နှယ် ပြုံးပြရင်းပြန်ဖြေသည်။

" ကိုစိုး အရင်တစ်ခါရောက်ခဲ့ဖူးတဲ့အိမ်က ကျွန်တော့်ယောက္ခမအိမ်လေ၊ အခုကျွန်တော်က ကမ်းနားလမ်းဘက်မှာ တိုက်နဲ့ခြံကိုယ်ပိုင်ဝယ်ထားတယ်။ စီးပွားရေးကလဲအဆင်ပြေတော့ အရင်လို ယောက္ခမတွေနဲ့အတူမနေတော့ဘဲ ကိုယ့်ဘာသာ အိမ်ခွဲပြီးနေတော့တယ်လေ။ ကျွန်တော့်အမျိုးသမီးကလဲ ဆေးဆိုင်လေးဖွင့်ထားတော့ စီးပွားရေးက အဆင်ပြေပါတယ်ကိုစိုးရဲ့"

ညီအလတ်၏ပြောစကားကြောင့် ကျွန်တော့်ရင်ထဲလည်းဝမ်းသာမိသည်။ တကယ်ပင် ညီအလတ်တို့မိသားစုလေးသည် ရွှေတွဲလဲငွေတွဲလဲဖြင့် သောင်သောင်သာသာရှိလှသည်။

" ကောင်းတာပေါ့ ဖိုးကျော်ရာ၊ ကလေးတွေကကော ကျောင်းနေပြီလား။ ဘယ်နှစ်တန်းတွေရောက်နေကြပြီလဲ"ကျွန်တော်ဝမ်းသာစွာ မေးလိုက်သည်။

ညီအလတ်ကလည်း သူ့ဝစီအတိုင်း စကားတစ်ခွန်းရသည်နှင့် ခရားရေလွှတ်သလို တတွတ်တွတ်ဖြင့်ပြောပြနေပါတော့သည်။

" အခုဒီကိုပါလာတာက အငယ်မ ကိုစိုးရ၊ ယောက္ခမအိမ်မှာက သူ့ထက်အကြီးက ကျန်နေခဲ့တယ်။ စာမေးပွဲဖြေနေတော့ထားခဲ့ရတယ်။ တတိယတန်းရောက်နေပြီလေ အငယ်မကတော့ အခုမှပထမတန်းပဲရှိသေးတာ။ကျွန်တော်လဲ ဒီကလေးနှစ်ယောက်အတွက် အရင်ကထက်ပိုပြီး စီးပွားရှာရအုံးမယ် ကိုစိုးရေ၊ ခုလောလောဆယ်သိန်းတစ်ထောင်လောက် ပိုင်နိုင်နေပြီဆိုပေမဲ့ ဒါနဲ့ပဲတင်းတိမ်နေလို့ ဘယ်ဖြစ်ပ့ါမလဲ မဟုတ်လား ကိုစိုးရာ "

ညီအလတ်၏စကားကို ကျွန်တော်က ခေါင်းညိတ်ပြီးထောက်ခံရင်း ကောင်းကင်ထက်က လမင်းကြီးကိုသာ ငေးကြည့်နေမိသည်။

" ကဲ ကိုစိုး ကျွန်တော်ခရီးပန်းလာလို့ စောစောဝင်အိပ်လိုက်တော့မယ်ဗျာ မနက်ကျမှပဲ စကားကောင်းကောင်းပြောတော့မယ် "ပြောပြောဆိုဆို ညီအလတ်က အိပ်ရာဝင်သွားသည်။

(၂)

" အစ်ကိုကြီး "

"ဩော် မထွေး လာလေညီမလေး"အိမ်မှာ အမေနှင့်အတူနေသည့် ညီမအငယ်ဆုံး မထွေးက ကျွန်တော့်အနားရောက်လာသည်။ ကျွန်တော့်နံဘေးကပ်ထိုင်ရင်း စကားထွေရာလေးပါး ပြောဖြစ်ကြသည်။

" အမေက အခုတလောတော့ ကျန်းမာရေးကောင်းနေတယ်အစ်ကိုကြီးရေ။ မိုးတွင်းတုန်းကတော့ ချူချာလိုက်တဲ့ဖြစ်ခြင်း"

" မိုးတွင်းတုန်းကများဆိုရင် အစ်ကိုကြီးရယ် ညီမလေးတို့မှာ ပိုက်ဆံတွေကပြတ်လပ်နေချိန် အမေကလဲ ခဏခဏဆေးခန်းပြရတော့ အကျပ်ရိုက်နေကြတာ ကိုငယ်နဲ့မလတ်ကလဲ သူတို့တတ်နိုင်သမျှတော့ပေးကြရှာတယ်။ နောက်ဆုံး ကြံရာမရတော့တဲ့အဆုံး အစ်ကိုကြီးနဲ့အစ်ကိုလတ်ဆီကို ဖုန်းဆက်ပြီး ပြောရတော့တာပဲလေ"မထွေးပြောသမျှ ငြိမ်ပြီးနားထောင်နေမိရင်းက ကျွန်တော့်စိတ်ထဲ အမေ့ကို အချိန်ပြည့်ပြုစုစောင့်ရှောက်ပေးနေသည့် မထွေးကိုပဲ ကျေးဇူးတင်နေမိသည်။

" အစ်ကိုလတ်က မမိုက်ပါဘူး အစ်ကိုကြီးရာ သိလား "

"ဟေ ဘာဖြစ်လို့လဲ ညီမလေးရဲ့" မထွေးပြောသည့်စကားကို ကျွန်တော်က နားမလည်နိုင်စွာ မေးမိသည်။

မထွေးက အိပ်ရာဝင်သွားသည့်ညီအလတ်ရှိရာသို့ တစ်ချက်အကဲခတ်ကြည့်ရင်း အသံခပ်တိုးတိုးကလေး ဖြင့်ပြောသည်။" အစ်ကိုကြီးဆီကို လှမ်းမပြောခင် ညီမလေး အစ်ကိုလတ်ဆီကိုဖုန်းဆက်ပြီး ပိုက်ဆံကိစ္စလှမ်းပြောတာ အဲဒါဘာပြန်ပြောတယ်မှတ်လဲ အစ်ကိုကြီး၊ လောလောဆယ်သူမအားသေးလို့ နောက်မှအေးအေးဆေးဆေးဖုန်းပြန်ဆက်မယ်ဆိုပြီး ဖုန်းချသွားတယ်လေ။ ကြာတော့လဲ ဖုန်းပြန်မဆက်လာပါဘူး အစ်ကိုကြီးရယ်"

"ဩော်..."

ကျွန်တော့်ရင်ထဲ စိတ်မကောင်းဖြစ်မိသည်။ ညီအလတ်၏အကြောင်းကိုလည်း သိထားကြသူများဖြစ်၍ အပြစ်လည်းမမြင်ရက်နိုင်ပေ။

" အစ်ကိုကြီး ညီအလတ်က စီးပွားရေးကလွဲပြီး ဘာမှမသိတော့ဘူး။ ကိုယ့်အမေအရင်းကြီး နေထိုင်မကောင်းဖြစ်နေတာကိုတောင် ဂရုမစိုက်နိုင်အားဘူး"

" အဲဒီလိုလဲမပြောပါနဲ့ ညီမလေးရယ်၊ ညီမလေးတို့အစ်ကိုလတ်အကြောင်းကို အားလုံးလဲသိထားကြတာပဲမဟုတ်လား "ကျွန်တော်က အငယ်မစိတ်ထဲ အငြိုးအတေးမရှိစေရန် နှစ်သိမ့်ပေးလိုက်သည်။

(၃)

" အဲဒါနဲ့ နောက်တော့ ညီမလေးတို့လဲ ကြံရာမရတာနဲ့ အစ်ကိုကြီးဆီကိုပဲလှမ်းပြောရတော့တယ်" တော်သေးတာပေ့ါ အစ်ကိုကြီးဆီက ငွေငါးသိန်းလွှဲပေးတော့ ညီမလေးတို့အတွက် အမေ့ဆေးဖိုးတင်မကပါဘူး ဆန်ဝယ်ဆီဝယ်နဲ့ စားဖို့သောက်ဖို့ပါ အဆင်ပြေသွားတယ် "

ညီမအငယ်၏စကားကြောင့် ကျွန်တော့်ရင်ထဲ ကြည်နူးချမ်းမြေ့ရသည်။ ဖြစ်နိုင်လျှင် သည်ထက်မက ကျွန်တော့်မှာ ပေးကမ်းချင်မိသည်။

" ပြီးတော့လဲ အစ်ကိုကြီးကညီမလေးတို့ဆီလာခါနီး ပိုက်ဆံလွှဲပေးထားတော့ အခုလို အစ်ကိုတွေအစ်မတွေအားလုံးကို ညီမလေးအနေနဲ့ ကောင်းကောင်းချက်ပြုတ်ကျွေးခံနိုင်တာပေ့ါ "

"အေးပါ ညီမလေးရာ အစ်ကိုကြီး သိပါတယ်။ အမေ့ကို အခုလို ပြုစုစောင့်ရှောက်ပေးနေတဲ့ ငါ့ညီမလေး ကုသိုလ်တွေအများကြီးရမှာသေချာတယ်သိလား "

ကျွန်တော်က ညီမငယ်၏ခေါင်းကလေးကို ညင်သာဖွဖွကလေးပွတ်သပ်ရင်း ချီးမွမ်းမိသည်။ တကယ်တမ်းပင် ညီမငယ်လေးအား ကျွန်တော့် ကျေးဇူးတင်မိသည်။

"ရပါတယ် အစ်ကိုကြီးရဲ့။ ညီမလေးကလဲ အမေ့ကို ပြုစုစောင့်ရှောက်ခွင့်ရလို့ပျော်ပါတယ် ။ ဒါပေမဲ့ ညီမလေး ဒီနေ့တော့ ပိုပြီး ပျော်တယ်သိလား"

"ဘာဖြစ်လို့လဲ ညီမလေးရဲ့ "

ညီမငယ်၏စကားကို ကျွန်တော်က နားမလည်နိုင်စွာမေးလိုက်မိသည်။ ညီမငယ်က ကောင်းကင်ကြီးကိုလက်ညှိုးထိုးပြရင်း ကျွန်တော့်ကိုပြန်ပြောသည်။

" ဒီနေ့က ကောင်းကင်ကြီးမှာလဲ ကြယ်တွေစုံနေသလို၊ ညီမလေးတို့အိမ်မှာလဲ တစ်ယောက်တစ်နေရာစီဝေးကွာနေကြတဲ့ ညီအစ်ကိုမောင်နှမတွေ ပြန်ဆုံကြတယ်လေ။ ညီမလေး သိပ်ပျော်တာပဲ အစ်ကိုကြီးရယ်။ ပျော်လွန်းလို့ ညီမလေး မျက်ရည်တွေတောင် ကျမိတယ် "

"ဩော် ညီမလေးရယ်။ အဲဒါတော့ ညီမလေးမှ မဟုတ်ပါဘူး။ အစ်ကိုကြီးလဲ ညီ၊ ညီမတွေနဲ့ အမေနဲ့အခုလိုပြန်ဆုံရတော့ ဝမ်းသာလွန်းလို့ စောစောကပဲ မျက်ရည်တွေကျနေတာ တကယ်ကို ပျော်တယ် သိလား ညီမလေး "

"ဟုတ်တယ် အစ်ကိုကြီးပျော်ဖို့ကောင်းလိုက်တာ"

မောင်နှမနှစ်ယောက်သား ကောင်းကင်ကို မော့ကြည့်ရင်း ပျော်ရွှင်ကြည်နူးနေမိသည်။ ဧည့်ဦးခန်းမှာတော့ အမေဟာသူ့မြေးတွေနဲ့ တီတီတာတာ ပြောရင်း ပျော်ရွှင်လျက်ရှိသည်။

(၄)

"ကဲ ကဲ အဘွားမြေးတွေ အဘွားသားသမီးတွေ ဘုန်းကြီးပါစေ၊ အသက်ရှည်ပါစေ၊ လူချစ်လူခင်လဲ ပေါများပါစေ၊ သူတော်ကောင်း သူမြတ်လောင်းတွေနဲ့ တွေ့ပါစေ၊ ထိမ့်ခလုတ်ဆုတ်ပါစေ၊ လာမဲ့ဘေး ဝေးပါစေ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ သားသမီးမြေးမြစ်တွေနဲ့ အိုအောင်မင်းအောင် နေထိုင်သွားနိုင်ကြပါစေကွယ်"

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများ အမေ့ကို ရှိခိုးကန်တော့ကြ၍ အမေက ဆုတွေတသီကြီး ပေးရင်း ပြုံးပျော်နေသည်။

အမေနှင့်ဝေးကွာနေခဲ့ရ၍ အမေ့မျက်နှာကလေးကို ကြည့်မဝနိုင်ဖြစ်နေမိသည်။ အမေသည် သည်နှစ်ထဲမှာ ယခင်နှစ်ကထက်ပိုပြီးအိုမင်းသွားသည်။ ကျွန်တော် စိတ်မကောင်းစွာသတိထားမိသည်။ မတည်မြဲသည့် သင်္ခါရတရားတွင် ဇရာဟူသည့် ခန္ဓာသည်လည်း အိုဆင်းရဲဟူသော တရားတွင်လိုက်ပါစီးဆင်းလျက်ရှိကြောင်း အမေက ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများကို တရားပြနေသည့်နှယ်ရှိသည်။ တစ်နေ့တခြားအိုမင်းလာသည့် အမေ့ရုပ်သွင်ပြင်ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲစို့နင့်၍ ဝမ်းနည်းနေမိသည်။ အိုမင်းမစွမ်းဖြစ်နေသည့် အမေဖြစ်သူအနားတွင်ရှိမနေနိုင်ခဲ့သည့် ကျွန်တော့်အဖြစ်ကို ကျွန်တော်တွေးကာ ယူကြုံးမရဖြစ်မိသည်။ ကိုယ်ပိုင်မိသားစုအသိုက်အမြုံများဖြင့် မိသားစုစားဝတ်နေရေးများအကြား ရုန်းကန်လှုပ်ရှားနေရသည့်သားသမီးများကို အမေကအပြစ်မမြင်နိုင်ဘဲ ဆုတောင်းမေတ္တာများပို့သလျက်ရှိနေသည်။ ကြီးမားလှသည့်အမေ့၏ကျေးဇူးတရားများကို သိရှိတွေးမိပြီး ကျွန်တော့်ရင်ထဲ အမေ့အတွက်တာဝန်မကျေခဲ့သမျှ ကြေကွဲဝမ်းနည်းမိသည်။ သို့သော် ကျွန်တော်တို့ရဲ့ အမေကတော့ ကောင်းကင်ကမြင်နေရသည့် လမင်းကြီးလို သားသမီးများအတွက် အေးချမ်းသည့် ချစ်ခြင်းမေတ္တာများပေးလျက်ရှိနေပါတော့သည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၄၂၄၄ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ဖူးစားပြောင်းကေ ၄၀၀၀ ကျော်စိုက်ပျိုးဖို့ အတွက်လျာထားပါတယ်။ဒီနေ့တွင် ကေ ၁၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက် ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ဖူးစားပြောင်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကဏန်းပျော့ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကဏန်းပျော့ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဌေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလက ကဏန်းပျော့ ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ တစ်လအတွင်း ကဏန်းပျော့ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



'' ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်က အရင်ကထက် ပိုမိုဝယ်ယူခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ကဏန်းပျော့တွေ ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတာပါ။ ဒီဘက်ကနေထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်''ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဌေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကဏန်းပျော့တစ်ပိဿာလျှင်အရွယ်အစားနှင့် အရည်အသွေးအလိုက် ငွေကျပ် ၁၇၅၀၀ မှ၃၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကဏန်းပျော့များ အရောင်းအဝယ် ကောင်းနေသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လက်ပံတန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**လက်ပံတန်း နိုဝင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၁ ရက်က လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းကို လက်ပံတန်းမြို့နယ် အတွင်းရှိ ကျေးရွာများမှသင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး နိုဝင်ဘာ ၁၁ ရက်မှ ၂၅ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း လက်ပံတန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

## စဉ်းစားတွေးဆ မဲပေးကြစို့

- တို့အသည်းကြား မဲတစ်ပြားသည်
  လွဲမှားမရှိ ထားသတိဖြင့်
  ပြည်၏ကောင်းကျိုး မှန်သယ်ပိုးမည့်
  မျိုးချစ်စိတ်ထား ရှိသူများသာ
  ထူးခြားသေချာ မဲပေးပါလေ။

- နိုင်ငံ့အရေး ရှည်မြော်တွေး၍
  ရေးရာကိစ္စ မှန်သမျှတွင်
  အတ္တကင်းစွာ နိုင်ငံသာဖို့
  တာဝန်လေးစား အလေးထားသူ
  ထူးခြားသေချာ မဲပေးပါလေ။

- ကိုယ်ကျင့်သိက္ခာ ကောင်းမွန်စွာနှင့်
  ရပ်ရွာအကျိုး ဆထက်တိုး၍
  နိုးကြားတက်ကြွ ရှေ့ဆောင်ပြမည့်
  မှူတစိတ်ထား ရှိသူများအား
  ထူးခြားသေချာ မဲပေးပါလေ။

- နိုင်ငံဖွံ့ဖြိုး စီးပွားတိုး၍
  အမျိုးသားရေး ဦးစားပေးလျက်
  အရေးကြုံတိုင်း တုံ့မဆိုင်းဘဲ
  တိုင်းသူပြည်သား ကောင်းကျိုးများဖို့
  အားကိုးထိုက်သူ ထိုထိုလူကို
  တစ်မူရွေးကာ မဲပေးပါလေ။

- ရွေးကောက်ပွဲမှာ မဲပေးရာတွင်
  ခါခါတွေးဆ ရွေးချယ်ကြမှ
  မြန်မာ့နောင်ရေး စိတ်မှာအေးမည်
  တွေးမြင်ဆန်းသစ် ပညာခေတ်တွင်
  ခေတ်နှင့်အညီ ဖြစ်သင့်သည်ကို
  တူညီကြိုးစား တန်ဖိုးထားသူ
  ထူးခြားသေချာ မဲပေးပါလေ။

- ဒီမိုကရေစီ သာတူညီလျက်
  တို့ပြည်စည်ကား ကျိုးစီးပွားနှင့်
  လူသားရင်းမြစ် တိုးတက်ဖြစ်အောင်
  တိုင်းချစ်ပြည်ချစ် အားမာန်သစ်နှင့်
  စစ်ဘက်အရပ်ဘက် ဂဟေဆက်၍
  တိုးတက်ဖို့ရေး ဆောင်ရွက်ပေးသူ
  လူကောင်းလူတော် ရွေးချယ်သော်မှ
  လွှတ်တော်ကိုယ်စားလှယ် ဂုဏ်တင့်တယ်မည်
  လက်ဝယ်ရှိထား မဲတစ်ပြားနှင့်
  စဉ်းစားတွေးဆ မဲပေးကြစို့။ ။

**မန္တလာကိုကိုဝင်း**

# လူ့သမိုင်း၏ အနုပညာကြေးမုံပြင်

နေလင်းသူ

လူသားတို့သည် ကမ္ဘာမြေပေါ်တွင် စတင်တည်ရှိခဲ့သည့်အချိန်မှစ၍ မိမိတို့၏ အတွေးအမြင်၊ ခံစားချက်နှင့် အတွေ့အကြုံများကို ဖော်ပြရန် နည်းလမ်းမျိုးစုံကို အစဉ်အမြဲ ရှာဖွေခဲ့ကြသည်။ စကားလုံးများမပေါ်မီကပင် ဂူနံရံများပေါ်တွင် ရုပ်ပုံရေးခြစ်မှုများသည် လူသားတို့၏ ဖန်တီးလိုစိတ်နှင့် ဆက်သွယ်လိုစိတ်၏ သက်သေများအဖြစ် ယနေ့တိုင် ကျန်ရစ်နေသည်။ ထိုအခြေခံကျသော စိတ်ဆန္ဒမှ ပေါက်ဖွားလာသည့် "အနုပညာ"သည် လူ့ယဉ်ကျေးမှုနှင့် ခွဲခြား၍မရသည့် လူသားဖြစ်တည်မှု၏ အခြေခံအုတ်မြစ်တစ်ခုဖြစ်သည်။ အနုပညာဟူသည် ပြတိုက်ထဲမှ ပန်းချီကားတစ်ချပ် သို့မဟုတ် ဇာတ်ရုံထဲမှ ဂန္ထဝင်တေးဂီတတစ်ခုမျှသာ မဟုတ်ဘဲ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ကို ထင်ဟပ်ပြပြီး လူ့အဖွဲ့အစည်းကို ပုံဖော်ပေးနေသည့် အားကောင်းသော စွမ်းအင်တစ်ခုလည်းဖြစ်သည်။

အနုပညာနှင့်ယဉ်ကျေးမှုတို့သည် လူသားတို့၏ သမိုင်းအစမှ ဒွန်တွဲတည်ရှိခဲ့သည့် အဖိုးတန် အမွေအနှစ်များဖြစ်သည်။ ယဉ်ကျေးမှုသည် မျိုးဆက်ပေါင်းများစွာ ထိန်းသိမ်းတည်ဆောက်လာသည့် လူ့အဖွဲ့အစည်းတစ်ခု၏ ဘုံစနစ်၊ နေထိုင်မှုပုံစံနှင့် အတွေးအခေါ်၊ ဓလေ့စရိုက်များဖြစ်ပြီး အနုပညာသည် ထိုယဉ်ကျေးမှုအတွင်းမှ စိတ်ခံစားမှု၊ အလှတရားနှင့် အမြင်များကို ဖော်ပြသည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဒြပ်မဲ့နည်းလမ်းများဖြစ်သည်။ အနုပညာနှင့် ယဉ်ကျေးမှုသည် ခွဲခြား၍မရနိုင်သည့် ဆက်နွှယ်မှုဖြင့် တစ်ခုက အခြားတစ်ခုကို ပုံဖော်ပေးပြီး လူ့အဖွဲ့အစည်း၏ စိတ်ဝိညာဉ်ကို ထင်ဟပ်စေသည့် မှန်ချပ်ပမာ တည်ရှိနေကြသည်။

အနုပညာ၏ အခြေခံအကျဆုံးနှင့် အစွမ်းထက်ဆုံးသော အခန်းကဏ္ဍမှာ စိတ်ခံစားမှုများကို ဖော်ပြခြင်းဖြစ်သည်။ ဝမ်းနည်းမှု၊ ပျော်ရွှင်မှု၊ အချစ်၊ အမုန်း၊ မျှော်လင့်ချက် စသည့်ရှုပ်ထွေးနက်နဲသည့် လူ့စိတ်ခံစားချက်များကို သာမန်စကားလုံးများဖြင့် အပြည့်အဝ ဖော်ပြနိုင်ခြင်းမရှိသည့်အခါ အနုပညာဖြင့် ဆက်သွယ်ဖော်ပြပေးနိုင်သည်။ အနုပညာသည် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အချိန်ကာလတို့၏ နယ်နိမိတ်များကို ကျော်လွှားနိုင်သည့် တစ်ခုတည်းသော ဘာသာစကားဖြစ်သည်။ မိမိဘာသာစကားမဟုတ်သည့် တေးသွားတစ်ပုဒ်ကို နားလည်ရန် အဆိုပါ တေးသွား၏ ဘာသာစကားကိုတတ်ရန်မလို၊ ထို့အတူ ပန်းချီကားထဲမှ အေးချမ်းမှု၊ ပူလောင်မှုကို ခံစားရန် ပန်းချီရေးဆွဲသူ၏ လူမျိုးဖြစ်စရာမလို။ အနုပညာသည် နှလုံးသားအချင်းချင်း တိုက်ရိုက်ဆက်သွယ်သည့် ဘာသာစကားဖြစ်ပြီး လူသားအားလုံးကို ခံစားချက်တစ်ခုအောက်တွင် စည်းလုံးစေနိုင်သည်။

လူ့အဖွဲ့အစည်းတစ်ခု၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ လူနေမှုပုံစံများသည် ထိုခေတ်က ဖန်တီးခဲ့သည့် အနုပညာလက်ရာများထဲတွင် ထင်ဟပ်တွေ့မြင်နိုင်သည်။ သမိုင်းမစတင်မီကာလမှ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ဂူအတွင်းရှိ ရေးခြယ်ထားသည့် ပန်းချီလက်ရာများသည် ရှေးလူသားတို့၏ ဘဝပုံရိပ်ကို ဖော်ပြနေသည်။ မြန်မာနိုင်ငံရှိ ပုဂံစေတီပုထိုးများသည် ထိုခေတ်၏ လူနေမှုစရိုက်သဘာဝများ၊ ဘာသာရေး ယုံကြည်မှုများ၊ ဗုဒ္ဓဘာသာ၏ အရှိန်အဝါနှင့် ဗိသုကာပညာ၏ ထူးချွန်ပြောင်မြောက်မှုများကို သက်သေထူလျက်ရှိသည်။ ခေတ်သစ် ပန်းချီ၊ ပန်းပု၊ ဗိသုကာ လက်ရာများလည်း လက်ရှိခေတ်၏ အတွေးအခေါ်၊ အမြင်များကို ထင်ဟပ်စေလျက်ရှိသည်။ ဤသို့ဖြင့် အနုပညာသည် မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ ယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းပေးသည့် တန်ဖိုးမဖြတ်နိုင်သော ကြားခံတစ်ခုဖြစ်လာသည်။ သမိုင်းစာအုပ်များသည် အချက်အလက်များကို မှတ်တမ်းတင်ပေးနိုင်ပြီး အနုပညာသည် ထိုခေတ် ထိုအခါမှ လူသားတို့၏ ခံစားချက်များကို သယ်ဆောင်ပေးလာနိုင်သည်။

အနုပညာသည် ခေတ်၏ အခြေအနေမှန်ကို ထင်ဟပ်ပြသရုံသာမက အတွေးအမြင်သစ်များကို ချဲ့ထွင်ပေးပြီး အသိပညာအသစ်များကို ဖော်ထုတ်ပေးနိုင်သည်။ အနုပညာရှင်များသည် သူတို့၏ လက်ရာများမှတစ်ဆင့် မတော်မတရားမှုများ၊ လွဲမှားသော အယူအဆများနှင့် ဖုံးကွယ်ထားသည့် အမှန်တရားများကို ဖော်ထုတ်ပြသလေ့ရှိသည်။ အနုပညာသည် လူသားတို့ကို ၎င်းတို့ရင်ဆိုင်နေရသော အခြေအနေများမှ ဆွဲထုတ်ကာ စဉ်းစားစေသည်။ ဝေဖန်စေသည်။ နောက်ဆုံးတွင် အပြောင်းအလဲဖြစ်စေရန် တွန်းအားပေးသည်။

**❖ အနုပညာသည် လူသားတို့အတွက် ဖျော်ဖြေရန် ပစ္စည်းတစ်ခုအဖြစ်သာမက မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည်။ အနုပညာသည် လူသားတို့၏ စိတ်ခံစားချက်များကို ဖော်ပြပေးသည့် ဘာသာစကား၊ လူသားတို့၏သမိုင်းကို မှတ်တမ်းတင်ထားသည့် ကြေးမုံပြင်၊ လူသားတို့၏အတွေးအခေါ်ကို လမ်းပြပေးသည့် မီးရှူးတိုင်နှင့် လူသားတို့၏ စိတ်ဝိညာဉ်ကို အင်အားဖြစ်စေသည့် စွမ်းအင်ပင်ဖြစ်သည်။ အနုပညာသည် လူသားတစ်ယောက်အဖြစ် ပိုမိုပီသစွာနေထိုင်စေပြီး အတိတ်ကိုနားလည်ရန်၊ ပစ္စုပ္ပန်ကို သုံးသပ်ရန်နှင့် အနာဂတ်ကိုမျှော်မှန်းပုံဖော်ရန် လမ်းပြပေးသည်။ ❖**

အနုပညာသည် အလှတရားများစွာကို ဖန်တီးပေးနိုင်ပြီး လူသားတို့၏စိတ်ကို အေးချမ်းမှုပေးနိုင်သည်။ စိတ်ဖိစီးမှုများစွာဖြင့် ရှုပ်ထွေးပွေလီလှသည့် လူသားတို့၏ဘဝတွင် အနုပညာသည် စိတ်၏ခိုနားရာ၊ နှစ်သိမ့်မှုရှာဖွေရာ နေရာတစ်ခုလည်းဖြစ်သည်။ သဘာဝတရား၏ အလှအပကို ဖော်ကျူးထားသည့် တေးသီချင်းတစ်ပုဒ်ကို နားထောင်ခြင်း၊ သီဆိုခြင်း၊ စိတ်ကြည်နူးဖွယ် ပန်းချီကားတစ်ချပ်ကို ကြည့်ရှုခံစားခြင်း၊ ကဗျာတစ်ပုဒ်ကို ရွတ်ဖတ်ခြင်းတို့သည် လူသားတို့၏ စိတ်ကို ယာယီအားဖြင့် ငြိမ်းချမ်းစေပြီး အလှတရားကို ခံစားစေနိုင်သည်။ ထို့ကြောင့် အနုပညာသည် လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်လာသည်။

မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု အနုပညာသည် သမိုင်းအစဉ်အလာကြီးမားပြီး ဗုဒ္ဓဘာသာနှင့် ဒေသန္တရရိုးရာဓလေ့များ၏ လွှမ်းမိုးမှုများကို ခံယူထားသဖြင့် ထူးခြားလှသည်။ မြန်မာ့ယဉ်ကျေးမှု၏အသွင်အပြင်လက္ခဏာများကို ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ စာပေနှင့်ဂီတ စသည့်အနုပညာရပ်များက အသေးစိတ်ပုံဖော်ပေးထားသည်။ မြန်မာ့ရိုးရာ အနုပညာသည် ရိုးရှင်းသည့် အလှတရားထက် အဓိပ္ပာယ်ပိုရှိသည့်အနုပညာဖြစ်ပြီး မြန်မာလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ အတွေးအခေါ်နှင့် နေ့စဉ်ဘဝကို ထင်ဟပ်ပြသနေသည်။

ထို့ပြင် မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှု ခိုင်ခံ့သည့် နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ ထို့အတူ ကိုယ်ပိုင်အနုပညာစာပေ၊ ဘာသာယဉ်ကျေးမှုစာပေတို့သည် မြန်မာ့စရိုက်၊ မြန်မာမှု၊ မြန်မာ့ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် ရပ်တည်နေထိုင်သည့် နိုင်ငံလည်းဖြစ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများနှင့် ယှက်နွယ်ခဲ့သော်လည်း မြန်မာမှု၊ မြန်မာ့ဟန် လုံးဝ ကွယ်ပျောက်မသွားခဲ့သည်မှာ ထူးခြားလှသည့် မြန်မာ့ယဉ်ကျေးမှု အနုပညာတို့၏ အမြုတေ လက္ခဏာပင်ဖြစ်သည်။ ခေတ်တစ်ခေတ်၏ ယဉ်ကျေးမှုအနုပညာလက်ရာများသည် တိုင်းပြည်၏ လူနေမှုအဆင့်အတန်းကို ဖော်ထုတ်နိုင်စွမ်းရှိသည်နှင့်အညီ လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀၀ ကျော်မှ ထွန်းကားခဲ့သော ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းစသော မြို့ပြနိုင်ငံများကို မှီငြမ်း၍ကြည့်မည်ဆိုပါလျှင် မြန်မာ့ယဉ်ကျေးမှုအနုပညာအဆင့်အတန်းမြင့်မားခဲ့ပုံကို ခန့်မှန်း၍ သိမြင်နိုင်သည်။

ပျူမြို့ဟောင်းနှင့် ပုဂံဒေသတို့မှ အနုပညာလက်ရာများ၊ မြန်မာဗိသုကာနှင့် ပန်းပုပညာရပ်များ၏ ခမ်းနားမှုများ၊ သင်္ကြန်ပွဲတော်များသည် ကမ္ဘာက မြန်မာကို အသိအမှတ်ပြုခြင်း၏ သက်သေများပင်ဖြစ်သည်။ ထို့ကြောင့် အနုပညာသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုကို ကမ္ဘာ့အလယ်တွင် ထုတ်ဖော်ပြသသည့် သံတမန်လည်းဖြစ်သည်။

ထို့အတူ အနုပညာလက်ရာများသည် ခေတ်ကာလတစ်ခု၏ ယဉ်ကျေးမှုကို ဖော်ပြသည့် သမိုင်းမှတ်တမ်းများဖြစ်သည်။ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ဗိသုကာနှင့်စာပေပညာရပ်တို့သည် ထိုခေတ်လူသားတို့၏ ယုံကြည်ချက်၊ ဓလေ့ထုံးတမ်း၊ ဝတ်စားဆင်ယင်မှု၊ နိုင်ငံရေးနှင့် ဘာသာရေးအခြေအနေများကို အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်ရန် ထိန်းသိမ်းထားသည်။ မြန်မာ့ရိုးရာအနုပညာကို ဖော်ပြရာတွင် "ပန်းတဉ်း၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းတော့၊ ပန်းပု၊ ပန်းရန်၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းယွန်း" ဆိုသည့် ပန်းဆယ်မျိုးကို မဖြစ်မနေထည့်သွင်း ဖော်ပြရမည်ဖြစ်သည်။ ၎င်းတို့သည် မြန်မာ့ယဉ်ကျေးမှု၏ အခြေခံအုတ်မြစ်ဖြစ်ပြီး လူမှုဘဝတွင် မရှိမဖြစ်လိုအပ်သည့် လက်မှုပညာရပ်များမှ ပေါက်ဖွားလာခြင်းဖြစ်သည်။ "ပန်းတဉ်း" ဆိုသည်မှာ ကြေးထည်ပစ္စည်းများကို ပြုလုပ်သည့် လုပ်ငန်းဖြစ်သည်။ "ပန်းထိမ်" ဆိုသည်မှာ ရွှေထည် ငွေထည်ပြုလုပ်သည့် လုပ်ငန်းဖြစ်သည်။ "ပန်းပဲ" ဆိုသည်မှာ သံကိုမီးအားကောင်းကောင်းဖြင့် ရဲနေအောင်ဖုတ်၍ လိုရာသံထည်ပစ္စည်းပြုလုပ်သည့် လုပ်ငန်းဖြစ်သည်။ "ပန်းတော့"ဆိုသည်မှာ အင်္ဂတေဖြင့် ရုပ်လုံးများ၊ ခြူးပန်းခြူးနွယ် အလှပန်းခက်များကို ပြုလုပ်သောလုပ်ငန်းဖြစ်သည်။ "ပန်းပု"ဆိုသည်မှာ သစ်သားကိုလည်းကောင်း၊ ဆင်စွယ်ကိုလည်းကောင်း အရုပ်များ၊ ပန်းများ ထုလုပ်သော လုပ်ငန်းဖြစ်သည်။ "ပန်းရန်" ဆိုသည်မှာ မြေအုတ်၊ ကျောက်အုတ်တို့ကို အင်္ဂတေနှင့်တွဲကပ်၍ လိုအပ်သည့် အဆောက်အအုံများ တည်ဆောက်သော လုပ်ငန်းဖြစ်သည်။ "ပန်းတမော့" ဆိုသည်မှာ ကျောက်ဆစ်လုပ်ငန်းဖြစ်သည်။ "ပန်းပွတ်"ဆိုသည်မှာ သစ်သားကို လုံးချောအောင် ပွတ်ခံ၍ လူ့အသုံးအဆောင်ပြုလုပ်သော လုပ်ငန်းဖြစ်သည်။ "ပန်းချီ"ဆိုသည်မှာ သက်ရှိ သတ္တဝါပုံများ၊ သက်မဲ့အရာဝတ္ထုပုံများကို သရုပ်ဖော်ရေးဆွဲသည့် လုပ်ငန်းဖြစ်သည်။ "ပန်းယွန်း" ဆိုသည်မှာ ယွန်းထည် ပစ္စည်းအမျိုးမျိုးကို ပြုလုပ်သောလုပ်ငန်းဖြစ်သည်။

အနုပညာသည် ယဉ်ကျေးမှု၏ ဘာသာစကားဖြစ်ပြီး စာအုပ်စာတမ်းများတွင် မဖော်ပြနိုင်သော လူ့အဖွဲ့အစည်း၏ နက်ရှိုင်းသည့် အတွင်းစိတ်နှင့် ခံစားချက်များကို ပုံဖော်ပေးနိုင်သည်။ တစ်ခါတစ်ရံတွင် ပန်းချီကားတစ်ချပ်၊ သီချင်းတစ်ပုဒ်၊ ပြဇာတ်တစ်ပုဒ်သည် လက်ရှိလူ့အဖွဲ့အစည်း၏ အားနည်းချက်များကို ထောက်ပြဝေဖန်ခြင်းဖြင့် လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ အမြင်များကို ပြောင်းလဲစေနိုင်သည်။ ထို့အတူ အနုပညာပွဲတော်များ၊ ရိုးရာပွဲလမ်းသဘင်များတွင် ဂီတ၊ အကတို့ဖြင့် ဖျော်ဖြေခြင်းသည် လူမျိုးဘာသာမရွေး ပျော်ရွှင်စွာ ပူးပေါင်းပါဝင်စေခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပေးသည်။

ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်မှုတွင် နိုင်ငံခြားယဉ်ကျေးမှုနှင့် အနုပညာများ လျင်မြန်စွာ ဝင်ရောက်လာခြင်းကြောင့် ဒေသခံရိုးရာအနုပညာများ ပျောက်ကွယ်မည့်အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည်။ ထို့အတူ လူငယ်များကြားတွင် Social Media စွဲလမ်းမှုမြင့်တက်လာခြင်းကြောင့် ရိုးရာအနုပညာဆိုင်ရာ ပွဲလမ်းသဘင်များ၊ ဖျော်ဖြေမှုများအပေါ် စိတ်ဝင်စားမှု လျော့နည်းလာသည်။ ထို့ကြောင့် အနုပညာနှင့်ယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းခြင်းသည် အမျိုးသားရေးတာဝန်တစ်ခု ဖြစ်လာသည်။ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု ဘယ်လောက်ခိုင်မာသည်၊ စည်းလုံးသည်ကို သိရှိလိုလျှင် ထိုနိုင်ငံ၏ အနုပညာလက်ရာကိုကြည့်ခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။

အနုပညာသည် လူသားတို့အတွက် ဖျော်ဖြေရန် ပစ္စည်းတစ်ခုအဖြစ်သာမက မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်သည်။ အနုပညာသည် လူသားတို့၏ စိတ်ခံစားချက်များကို ဖော်ပြပေးသည့် ဘာသာစကား၊ လူသားတို့၏ သမိုင်းကို မှတ်တမ်းတင်ထားသည့် ကြေးမုံပြင်၊ လူသားတို့၏ အတွေးအခေါ်ကို လမ်းပြပေးသည့် မီးရှူးတိုင်နှင့် လူသားတို့၏ စိတ်ဝိညာဉ်ကို အင်အားဖြစ်စေသည့် စွမ်းအင်ပင်ဖြစ်သည်။ အနုပညာသည် လူသားတစ်ယောက်အဖြစ် ပိုမိုပီသစွာနေထိုင်စေပြီး အတိတ်ကိုနားလည်ရန်၊ ပစ္စုပ္ပန်ကို သုံးသပ်ရန်နှင့် အနာဂတ်ကို မျှော်မှန်းပုံဖော်ရန် လမ်းပြပေးသည်။ အနုပညာကို တန်ဖိုးထားခြင်းသည် မိမိတို့၏ ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးခြင်းဖြစ်ပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းသည် မိမိတို့၏ အနာဂတ်ကို ကာကွယ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ် လူငယ်တိုင်းသည် မိမိတို့၏ အနုပညာယဉ်ကျေးမှု၏တန်ဖိုးကို ဂုဏ်ယူဝံ့ကြွားစွာဖြင့် အသိအမှတ်ပြုလက်ခံပြီး မိမိတို့၏ ဖန်တီးမှုစွမ်းအားများဖြင့် ခေတ်နှင့်အညီ ဆက်လက်ရှင်သန်စေရန် တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် အားပေးလုပ်ဆောင်ခြင်းသည် မြန်မာနိုင်ငံသားတိုင်း၏ တာဝန်ပင်ဖြစ်ကြောင်း ရည်ညွှန်းတင်ပြလိုက်ရပါသည်။

**ကိုးကား**

၁။ www.mdn.gov.mm
၂။ www.moi.gov.mm


ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

‘ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။’

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040




## ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၇၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခင်ဦး နိုဝင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၇၆၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၅၁၅ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၆၄ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ကေ ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့နဲ့အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း လယ်ကဏန်း ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက လယ်ကဏန်းပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''လယ်ကဏန်းတွေ အပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း လယ်ကဏန်းပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ဒီဘက်ကနေတင်ပို့ရောင်းချတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်ကဏန်းများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး တင်ပို့ရောင်းချနေသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ လယ်ကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အဆင်ပြေလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏အခန်းကဏ္ဍ

လင်းလက်

**နိုင်ငံသားတို့၏ တာဝန်**

လူတိုင်းသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော ပတ်ဝန်းကျင်တွင်ရှင်သန်လိုကြပြီး လူမှုစီးပွားဘဝ လိုအပ်ချက်များကို ဘက်ပေါင်းစုံက ဖြည့်ဆည်းပေးနိုင်သည့်နိုင်ငံတွင် နေထိုင်လိုကြသည်။ နိုင်ငံသူ နိုင်ငံသားတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အရင်းအမြစ်များ လိုအပ်သည်။ အဂတိလိုက်စားမှုများသည် လူသားအရင်းအမြစ်များကအစပြု၍ သယံဇာတအရင်းအမြစ်များကို အမှန်တကယ်လိုအပ်သည့် နေရာများသို့ မရောက်စေဘဲ အလဟဿ ဆုံးရှုံးစေနိုင်သည်။ အဂတိလိုက်စားမှုဖြစ်စဉ်များ လျော့နည်းလာသည့် နိုင်ငံများသည် အရင်းအမြစ်များကို မှန်ကန်မှုတစ္စာ ခွဲဝေသုံးစွဲလာနိုင်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများကို ဖန်တီးပုံဖော်ထားနိုင်သည်ကိုတွေ့ရသည်။ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်း၍ တိုးတက်မှုကို ရယူလိုသည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းအနေဖြင့် အရင်းအမြစ်များကို ဆုံးရှုံးစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုများကို ကျရာနေရာမှ ပူးပေါင်းပါဝင်တိုက်ဖျက်ကြရန်လိုသည်။

မိမိတို့၏နေအိမ်ကို သာယာလှပအောင် ကြိုးစားဆောင်ရွက်ရန် အိမ်သူအိမ်သားတိုင်းတွင် တာဝန်ရှိသည်။ ထိုနည်းတူစွာပင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကိုနိုင်ငံသူ၊နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ရန်တာဝန်ရှိသည်။ မိသားစုအတွင်း အသုံးစရိတ်များကအစပြု၍ စီးပွားဥစ္စာများ အလဟဿ လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ရန်တာဝန်မှာ အိမ်သူအိမ်သားတိုင်း၏ တာဝန်ပင်ဖြစ်သည်။ နိုင်ငံတော်ပိုင် အရင်းအမြစ်များသည် နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် မရှိမဖြစ် အခြေခံအထောက်အပံ့များပင်ဖြစ်သည်။ ထိုအထောက်အပံ့များက မိမိတို့၏လက်အတွင်းသို့ မှန်မှန်ကန်ကန်မျှမျှတတ ရောက်လာကြစေရေးအတွက် အဟန့်အတားဖြစ်စေသည့် အဂတိလိုက်စားမှုများကို နိုင်ငံသူ၊ နိုင်ငံသားတို့က အစိုးရနှင့်လက်တွဲ၍ ပူးပေါင်းတိုက်ဖျက်ရန်လိုသည်။ အဂတိလိုက်စားမှုများကို လုံးဝသည်းခံခွင့်လွှတ်ခြင်း မရှိသည့် ယဉ်ကျေးမှုမှ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ပုံဖော်နိုင်မည်ဖြစ်သည်။

**လမ်းဖွင့်ထားရန်လို**

နိုင်ငံတိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အဓိကဆောင်ရွက်ကြသည်ဟု ဆိုသော်လည်း နိုင်ငံသူ၊ နိုင်ငံသားတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို မေ့ထား၍မရပေ။ အဂတိလိုက်စားမှုများကြောင့် အမှန်တကယ် နစ်နာရသည်က နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဟုဆိုသော်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ၎င်းတို့ပါဝင်လာစေရေး ဆောင်ရွက်ပေးရသည်ကလည်း မလွယ်လှပေ။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိမိတို့က လိုအပ်သည်များကို အစိုးရထံတောင်းဆိုရန်အတွက် အဆင်သင့်ရှိနေတတ်သော်လည်း အစိုးရနှင့်လက်တွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက်မူ ခွန်အားအပြည့်ပါဝင်ဆောင်ရွက်လေ့မရှိပေ။ အဂတိကင်းစင်သော လူမှုပတ်ဝန်းကျင်ကို မြင်လို၊ ကြားလို၊ နေထိုင်လိုကြပြီး အဂတိကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရေးအတွက်မူ အစိုးရတစ်ရပ်၏ တာဝန်သာဖြစ်သည်ဟု ထင်မှတ်မှားလေ့ရှိကြသည်။

အဂတိလိုက်စားသူများကို စုံစမ်းစစ်ဆေးအရေးယူ၍ ဥပဒေအရ ထိန်းချုပ်ဆောင်ရွက်သွားခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရဟု နိုင်ငံသူ၊ နိုင်ငံသားတို့က ထင်မြင်ယူဆမိတတ်ကြသည်။ အမှန်တကယ် အနှစ်သာရမှာမူ အဂတိလိုက်စားမှုများကို လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုသည့် စိတ်ဓာတ်ခံယူချက်များ နိုင်ငံသူ၊ နိုင်ငံသားတိုင်းတွင် ကိန်းအောင်းနေကြရန်ဖြစ်သည်။ အဂတိလိုက်စားမှုကျူးလွန်သူများကိုလည်း လူမှုပတ်ဝန်းကျင်တွင် လုံးဝကျင်လည်၍မရအောင် တားမြစ်ကြရန်လိုသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသည့်စကားနှင့်အညီ အဂတိလိုက်စားမှုများကို သတင်းဖော်ထုတ်တိုင်ကြားသည့် နိုင်ငံသူ၊ နိုင်ငံသားတို့ ရှိနေရန်လည်း အဓိကဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားတို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်လာစေရေးအတွက် နည်းလမ်းရှာလမ်းပြဆောင်ရွက်ပေးရမည်ဖြစ်သည်။

**နည်းလမ်းများ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အပြုသဘောဆောင်သည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ခုဖန်တီးရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ ပူးပေါင်းပါဝင်လာစေရေးအတွက် မတူကွဲပြားသည့် အတွေးအခေါ်နှင့်အမြင်များကို လေးစားတန်ဖိုးထားရမည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် သက်ဆိုင်သူများအားလုံး၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေထားရမည်ဖြစ်သည်။ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား ယုံကြည်မှု ပိုမိုခိုင်မာလာနိုင်မည်ဖြစ်သည်။ သို့မှသာ အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် နိုင်ငံသူ၊ နိုင်ငံသားများ ပူးပေါင်းပါဝင်ဆောင်ရွက်လာမည်ဖြစ်သည်။

**❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အပြုသဘောဆောင်သည့် လုပ်ငန်းပတ်ဝန်းကျင်တစ်ခုဖန်တီးရမည်ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများ ပူးပေါင်းပါဝင်လာစေရေးအတွက် မတူကွဲပြားသည့် အတွေးအခေါ်နှင့် အမြင်များကို လေးစားတန်ဖိုးထားရမည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် သက်ဆိုင်သူများအားလုံး၏ သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် နည်းလမ်းများရှာဖွေထားရမည်ဖြစ်သည်။ ❖**

နိုင်ငံသူ၊ နိုင်ငံသားတို့၏ ခွန်အားကို အသုံးပြု၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဆောင်ရွက်လိုသည်ဟုဆိုပါက ၎င်းတို့၏အမြင်တွင် အေဂျင်စီများ၏ လုပ်ဆောင်မှုသည် မှန်ကန်မျှတမှုကို ပုံဖော်ပေးနေခြင်းသာဖြစ်သည်ဟု ယုံကြည်လာအောင် ဆောင်ရွက်ပေးရမည်။ မကောင်းမှုတို့ကိုရှာဖွေဖော်ထုတ်၍ တရားဥပဒေစိုးမိုးရေးအေဂျင်စီများနှင့် လက်တွဲဆောင်ရွက်လိုသည့် နိုင်ငံသူ၊ နိုင်ငံသားများ၏တွဲလက်များကိုခိုင်မာစေရေး နည်းလမ်းရှာကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

**သတင်းအချက်အလက်များကို မျှဝေခြင်း**

ပွင့်လင်းမြင်သာမှုသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အဓိကအနှစ်သာရ ဖြစ်သဖြင့် သတင်းအချက်အလက်များကို နိုင်ငံသူ၊ နိုင်ငံသားများထံ အချိန်နှင့်တစ်ပြေးညီရောက်ရှိစေရေး ကြိုးစားဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများ၏ ဆောင်ရွက်ချက်များကိုလည်း လျှို့ဝှက်အပ်သည်မှအပ နိုင်ငံသူ၊ နိုင်ငံသားများထံ စနစ်တကျရောက်ရှိအောင် ဆောင်ရွက်ပေးရမည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတက်ကြွလှုပ်ရှားသူများအနေဖြင့် လိုအပ်သောသတင်းအချက်အလက်များကို အေဂျင်စီများနှင့် အပြန်အလှန်မျှဝေဆောင်ရွက်ခြင်းဖြင့် ထိရောက်ကောင်းမွန်သောဆောင်ရွက်ချက်များကို ဖြစ်စေသည်။ သတင်းအချက်အလက်များကို အချိန်မီရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အခါတွင် သတင်းတု၊ သတင်းမှားများ၏ လွှမ်းမိုးမှုဒဏ်ကို ခံရမည်ဖြစ်သည်။ သတင်းတု၊ သတင်းမှားများကို တန်ပြန်တိုက်ခိုက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာသတင်းအချက်အလက်များကို မျှဝေနိုင်ရေး ဆောင်ရွက်ရန်လိုသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ ဆောင်ရွက်ချက်များကို နိုင်ငံသူ၊နိုင်ငံသားများထံ ရောက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အများပြည်သူအတွင်းပျံ့နှံ့နေသော သတင်းအရင်းအမြစ်များကိုလည်း အချိန်နှင့်အမျှရရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။ အဂတိလိုက်စားမှု၏ သဘောသဘာဝမှာ မမြင်ကွယ်ရာတွင် လျှို့ဝှက်ဖြစ်ပွားတတ်သည့်သဘောရှိသည်။ သတင်းအချက်အလက်ရရှိမှုက အဂတိလိုက်စားမှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရာတွင် အရေးပါသဖြင့် သတင်းအချက်အလက် စီးဆင်းမှုလမ်းကြောင်းကို ချောမွေ့နေအောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

**မီဒီယာများ၏ အခန်းကဏ္ဍ**

နိုင်ငံသူ၊ နိုင်ငံသားများကို ဆွဲဆောင်စည်းရုံး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်လာနိုင်ရေးဆောင်ရွက်ရာတွင် မီဒီယာများ၏ အခန်းကဏ္ဍကို မေ့ထား၍မရပေ။ တက်ကြွလှုပ်ရှားသူများအပါအဝင် သတင်းမီဒီယာကဏ္ဍမှ ပါဝင်ပတ်သက်သူအားလုံး၏ ခွန်အားကိုအကျိုးရှိရှိ အသုံးချရန်လိုသည်။ နိုင်ငံပိုင်မီဒီယာများကိုလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး လုပ်ငန်းများအတွက် အကျိုးရှိရှိ အသုံးချရမည်ဖြစ်သည်။ အဂတိလိုက်စားမှုများကို သတင်းပေးပို့ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို မီဒီယာများမှတစ်ဆင့် နိုင်ငံသူ၊ နိုင်ငံသားများသို့ အသိပေးဆောင်ရွက်ရမည်ဖြစ်သည်။

လူမှုမီဒီယာ အမျိုးမျိုးကို အသုံးပြု၍ နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံသူ၊ နိုင်ငံသားများထံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ဝေပေးရမည်ဖြစ်သည်။ လူမှုမီဒီယာတွင် စည်းရုံးဆွဲဆောင်မှု စွမ်းအားကောင်းသည့် မီဒီယာများ၊ လူပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်ရမည်ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများဘက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် လူမှုမီဒီယာများကို အကျိုးရှိရှိ အသုံးချခြင်းမရှိပါက အခြားတစ်ဖက်မှ အဖျက်အမှောင့်ဆောင်ရွက်လိုသူများက မီဒီယာကို မကောင်းသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ကြမည်ဖြစ်သည်။

**နည်းပညာကို အကျိုးရှိစွာအသုံးချ**

တိုးတက်လာသည့် နည်းပညာတို့သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေပြီဖြစ်သည်။ နည်းပညာကို အသုံးချ၍ အဂတိလိုက်စားမှုကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်လာကြသည်။ အသွင်သဏ္ဍာန်နှင့် ဖြစ်ပွားမှုနေရာများကလည်း လက်လှမ်းမမီအောင်ပင် ဖြစ်ပေါ်လာနေသည်။ တရားမဝင်ငွေကြေးလွှဲပြောင်းမှုများမှ အစပြု၍ နည်းပညာကို အသုံးချ၍ အဂတိလိုက်စားမှုများကို ကျူးလွန်လာကြသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများဘက်ကလည်း သတင်းအချက်အလက်များရယူခြင်း နိုင်ငံသူ၊ နိုင်ငံသားများထံ အချိန်မီဖြန့်ဝေခြင်းတို့တွင် နည်းပညာကို အသုံးချရမည်သာဖြစ်သည်။ စုံစမ်းစစ်ဆေးရေးအရာရှိများ လိုက်လံစုံစမ်း၍မရသော သတင်းအချက်အလက်များကို နည်းပညာအသုံးပြု၍ အချိန်တိုအတွင်းရရှိနိုင်ရေး ကြိုးစားရမည်ဖြစ်သည်။

**လက်တွဲဆောင်ရွက် နိုင်ငံအတွက်**

အဂတိလိုက်စားမှုကင်းစင်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ခြင်းဖြင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မည်မှာ မလွဲကေန်ပင် ဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် မိမိတို့၏အကျိုးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အထများရှိရန်လိုသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများကလည်း နိုင်ငံသူ၊နိုင်ငံသားများပါဝင်ဆောင်ရွက်နိုင်ရေး လမ်းဖွင့်ပေးထားရမည်ဖြစ်သည်။ အစိုးရ၊ အေဂျင်စီ၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လက်တွဲဆောင်ရွက်မှု အားကောင်းလာမည်ဆိုပါက အဂတိလိုက်စားမှု အကျင့်ဆိုးများ နိုင်ငံအတွင်း ပပျောက်သွားမည်သာဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏ အရင်းအမြစ်များကို အလဟဿဆုံးရှုံးစေခြင်းမရှိစေရေး အဂတိလိုက်စားမှုများကို နိုင်ငံသူ၊ နိုင်ငံသားများက အစိုးရနှင့် အတူ လက်တွဲတိုက်ဖျက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးရည်ညွှန်းစာစောင်များ။**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာမည့် ကလေးသူငယ်များ၏ အခန်းကဏ္ဍ

ကမ္ဘာတွင် နာရီစက္ကန့်တံလှုပ်ရှားသွားတိုင်း ကလေးငယ်တစ်ဦးသည် အမိဝမ်းမှ ကျွတ်ကာ လူ့လောကထဲသို့ ဝင်ရောက်နေသည်။ ရက်ပေါင်း ၃၆၅ ရက်နှင့် တွက်ချက်ကြည့်သော် ယနေ့ကမ္ဘာတွင် တစ်နှစ်အတွင်း ကလေးငယ်သန်းပေါင်းများစွာသည် မွေးဖွားလာလျက်ရှိသည်။ ထို့ကြောင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ မွေးကင်းစအရွယ်မှ ၁၂ နှစ်အတွင်းရှိနေကြသည့် ကလေးများဖြစ်ကြသဖြင့် ထိုကလေးတို့၏ အသက်ရှင်ရပ်တည်ရေး၊ လိုအပ်သော ပြုစုစောင့်ရှောက်မှုများရရှိရေး၊ ပညာသင်ကြားရေး စသည့်ကိစ္စရပ်များနှင့်တာဝန်များသည် ကမ္ဘာကြီးအတွက် တစ်နေ့တခြားပို၍ များပြားလာလျက်ရှိသည်။

စင်စစ်အားဖြင့် ကလေးငယ်များသည် ကမ္ဘာကြီး၏ ကောင်းမြတ်သော အစဉ်အလာနှင့်မပြီးသေးသော လူသားအကျိုးပြုတာဝန်များကို ပိုမိုမြင့်မားသည့်အနာဂတ်ဆီသို့ လက်ဆင့်ကမ်းသယ်ဆောင်ပေးမည့်အင်အားစုလည်းဖြစ်သည်။ ကမ္ဘာအတွက် မရှိမဖြစ်အရေးပါသော အဖိုးတန်အရင်းအမြစ်များဖြစ်ကြသည်။ ထိုအရင်းအမြစ်များကို ဖွံ့ဖြိုးလာအောင်လုပ်ရမည်ဖြစ်သည်။ ယနေ့လူသားများ၏ အဖိုးတန်အမွေအနှစ်များ ကလေးများ လက်ထဲရောက်အောင် ပေးအပ်နိုင်ရန်လိုအပ်သည်။

ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသူဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။ ယနေ့ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ကို အဓိကထားတည်ဆောက်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်၏ အဓိကဖြစ်သော ကလေးသူငယ်များ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ဘက်စုံကဏ္ဍစုံ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ရာတွင် နိုင်ငံ၏သားကောင်းရတနာများဖြစ်သည့် ကလေးသူငယ်နှင့် လူငယ်များ၏ အခန်းကဏ္ဍကိုလည်း ချန်လှပ်ထားခဲ့ခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ကို မြန်မာနိုင်ငံက ၁၉၉၁ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ၎င်းကို အကောင်အထည်ဖော်ရန် မြန်မာနိုင်ငံကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ရုပ်သိမ်းခဲ့ကာ ကလေးသူငယ်ဥပဒေနှင့်ဆိုင်သော နည်းဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။

**ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာစေရန်**

လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံသည် မွေးစမှအသက်ငါးနှစ်ထိ ရှေးဦးအရွယ်ကလေးသူငယ်များဖြစ်ပြီး ရှေးဦးကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလွန်အရေးကြီးပေသည်။ ရှေးဦးကလေးသူငယ်များဘဝတွင် ကောင်းမွန်သော ပြုစုပျိုးထောင်မှုခံယူခဲ့ကြမှသာ ကလေးသူငယ်ဘဝနှင့်လူငယ်ဘဝတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာပေလိမ့်မည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းနေကြချိန်တွင် ရှေးဦးကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးမှုကို နောက်ချန်မထားဘဲ တစ်ပြိုင်နက် လုပ်ဆောင်ကြရမည်ဖြစ်သည်။

**❖ ကလေးဆိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသူဖြစ်သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။ ယနေ့ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ကို အဓိကထားတည်ဆောက်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်၏ အဓိကဖြစ်သော ကလေးသူငယ်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှအစ ဘက်စုံကဏ္ဍစုံပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေရာတွင် နိုင်ငံ၏ သားကောင်းရတနာများဖြစ်သည့် ကလေးသူငယ်နှင့် လူငယ်များ၏ အခန်းကဏ္ဍကိုလည်း ချန်လှပ်ထားခဲ့ခြင်းမရှိဘဲ ဆောင်ရွက်လျက်ရှိသည်။ ❖**

ယနေ့ကာလကို ပညာခေတ်ဟုခေါ်ဆိုနေကြသည်။ ဤခေတ်တွင် ကလေးငယ်များသည် ပညာမတတ်၍ မရတော့ချေ။ ပညာကိုတတ်မြောက်မှသာ ရှေ့ဆက်ချီတက်ရာ ဘဝခရီးတစ်လျှောက် ဘေးမသီရန်မခဘဲ အရောက်လျှောက်လှမ်းသွားနိုင်ကြမည်ဖြစ်သည်။ ယနေ့ခေတ်တွင် စာမတတ်သူများ၊ ပညာတတ်နည်းသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေမည်မှာ သေချာသည်။

ကလေးငယ်များအတွက် လိုအပ်သော ပညာဆိုသည်မှာ ပေါင်းနုတ်မြှောက်စားတတ်ခြင်း၊ စာရေးစာဖတ်တတ်ခြင်း၊ ကျောင်းမှသင်ပေးသော အကြောင်းအရာများကို နားလည်သိရှိခြင်းမျှသာ မဟုတ်ဘဲ သိပ္ပံပညာ၊ စက်မှုပညာ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာစသည့် ခေတ်မီပညာများကို ကျွမ်းကျင်စွာ တတ်မြောက်ပြီး မိမိကိုယ်တိုင် သုတေသနပြုလုပ်ကာ လူသားအကျိုးပြု တီထွင်ဆန်းသစ်မှုတစ်ခုခုကို ဖန်တီးနိုင်မှသာ တကယ့်ပညာတတ်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ကလေးသူငယ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခေတ်မီပညာရေးစနစ်သည် အဓိကကျလှသည်။

ထို့ကြောင့် ကလေးသူငယ်တို့ကို ဘက်စုံထူးချွန်ထက်မြက်သော အနာဂတ်သားကောင်းရတနာများ ဖြစ်လာစေလိုလျှင် ကမ္ဘာ့အဆင့်မီ ပညာရေးစနစ်ကို ဖန်တီးကျင့်သုံးနိုင်ရန် အရေးကြီးလှသည်။ ထိုပညာရေးစနစ်သည် ထူးချွန်ထက်မြက်သော သားကောင်းရတနာများကိုသာ ပျိုးထောင်ပေးသည်မဟုတ်၊ ကလေးငယ်များကို ကောင်းစွာထိန်းကျောင်းပေးနိုင်သည့် မိဘများ၊ ကလေးများ ကောင်းစွာလူလားမြောက်စေနိုင်သော ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရန်လိုအပ်သည်။

**နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိမှု**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည် ကလေးသူငယ်ဖွံ့ဖြိုးရေးအတွက် စီမံကိန်း စီမံချက်များရေးဆွဲ၍ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။ ကလေးသူငယ်များကို နိုင်ငံတော်၏ ရတနာများအဖြစ်ခံယူကာ နိုင်ငံတော်အစိုးရသည် ကလေးသူငယ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစီမံချက်များကို ၁၉၈၉ ခုနှစ်ကတည်းက ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မီးဖွားနိုင်ရေး၊ မွေးဖွားပြီးစကလေးငယ်များ ကျန်းမာအောင်စောင့်ရှောက်ရေး၊ ပိုလီယို၊ ဆုံဆို့နာ စသည့်ရောဂါကာကွယ်ဆေးများ ထိုးနှံရေး၊ အာဟာရပြည့်ဝစွာ ကျွေးမွေးရေး၊ ကျောင်းနေအရွယ် ကလေးသူငယ်တိုင်းကျောင်းအပ်နှံရေး စသည်တို့ကိုဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများဖွဲ့စည်းပေးခြင်း၊ နေ့ကလေးထိန်းကျောင်း၊ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ ကျောင်းကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်းတို့ဖြင့် ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် ယူနီဆက်ဖ်ခေါ် နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ကြီး၏ အကူအညီဖြင့် မြန်မာ့ကလေးငယ်များဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကလေးငယ်များ၏ အခန်းကဏ္ဍကို ပိုမိုတိုးမြင့်ပေးရန်အတွက် ပညာရေး၊ ကိုယ်ကာယဖွံ့ဖြိုးရေးနှင့်ကိုယ်ရည်ကိုယ်သွေး တိုးတက်ရေးတို့အတွက်လည်း ဖျော်ဖြေရေးကဏ္ဍများတွင် ကလေးများအတွက် အစီအစဉ်များ အထူးတလည်ထည့်သွင်းပေးလျက်ရှိသည်။ စာပေ၊ ဂီတနှင့်ပတ်သက်သည့် ပြိုင်ပွဲများလည်း ကျင်းပပေးပြီး ထူးချွန်သည့် ကလေးများကို ပြည်ပနိုင်ငံများသို့ လေ့လာရေးစေလွှတ်ခြင်း၊ ပညာသင်စေလွှတ်ခြင်းများဖြင့်လည်း လူသားအရင်းအမြစ်များကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။ ထို့ပြင် အတွေးအခေါ်မှန်ကန်ပြီး မြန်မာနိုင်ငံ၏ ရေမြေသဘာဝနှင့် ယဉ်ကျေးမှုအခြေအနေများကို သဘောပေါက်နားလည်လာသူများ ဖြစ်လာစေရန် ရည်ရွယ်၍လည်း ကင်းထောက်လူငယ်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

ယနေ့ခေတ်တွင် ရှင်သန်ကြီးပြင်းလာရသော ကလေးသူငယ်များသည် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည့် ဗဟုသုတများနှင့်ကြံ့ခိုင်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ပြည့်ဝလာစေရန် ကျောင်းပညာရေးသာမက လူမှုရေးကဏ္ဍများတွင်လည်းပါဝင်လှုပ်ရှားဆောင်ရွက်ပြီး ဘက်စုံထူးချွန်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများသာမက မိဘနှင့်ဆရာများပါ ပူးပေါင်းပြီး ဆောင်ရွက်သွားရန် လိုအပ်လှပေသည်။

အချုပ်ဆိုရသော် ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာကြမည့် ကလေးသူငယ်များကို ထိန်းကျောင်းပျိုးထောင်ပေးရသော အလုပ်သည် လှပတင့်တယ်သောအနာဂတ် ကမ္ဘာသစ်တစ်ခုကို ဖန်တီးပေးနေခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ကလေးသူငယ်များဘဝပြုစုပျိုးထောင်ရေး၊ ကလေးသူငယ်များ၏ ဘဝညှိုးနွမ်းပျက်စီးစေသည့် အန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ကလေးငယ်များဆိုင်ရာ မူဝါဒများ အောင်မြင်ထမြောက်စေရေးတို့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံး အလေးထားဆောင်ရွက်ရမည့် အဓိကတာဝန်ကြီးများပင်ဖြစ်ပေတော့သည်။

**ကိုးကား**

- မြန်မာ့အလင်းသတင်းစာ(၂၀.၁၁.၂၀၂၄)

**ဆုလတ်မေ**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | |
|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။






STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- E - Top up ဖုန်းငွေဖြည့်သွင်းခြင်း
- ငွေသွင်းငွေထုတ်ခြင်း/ ငွေလွှဲခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- Gift Card ပေးခြင်း
- ဈေးဝယ်ခြင်း
- Internet Bill ပေးဆောင်ခြင်း
- အောင်ဘာလေဖွန်လိုင်းထီထိုးခြင်း




အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

# ရွှေလီဝင် မိနီမတ်

## ဝန်ထမ်းအလိုရှိသည်

### စာရင်းကိုင်အမျိုးသမီး (၂) ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီး အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- လက်ဝတ်ရတနာနှင့်ပတ်သက်၍ စာရင်းပိုင်း စိတ်ရှည်စေ့စပ်ပြီး စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- Teamwork နှင့်လုပ်ကိုင်နိုင်ပြီး ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အကျင့်စာရိတ္တ ကိုယ်ကျင့်တရား အထူးကောင်းမွန်ရမည်။
- မိဘနှင့် စိတ်ချရသောထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည်ပြေပြစ်သူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### အရောင်းဝန်ထမ်းအမျိုးသမီး (၅) ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီး ဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်။
- အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည် သွက်လက်ချက်ချာပြီး အဖွဲ့အစည်းနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည် သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည် ပြေပြစ်သူဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### ဧည့်ကြိုအမျိုးသမီး (၅) ဦး

လျှောက်ထားလိုသူများသည်

- အထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ( ကျောင်းကိစ္စ ကင်းရှင်းသူဖြစ်ရမည်။ )
- ရုပ်ရည်အသင့်အတင့်ရှိပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်သူ ဖြစ်ရမည်။
- ဧည့်သည်များကို ဝန်ဆောင်မှု ကောင်းမွန်စွာပေးနိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တအထူးကောင်းမွန်၍ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်တစ်ပိုင်းဓါတ်ပုံ (၁)ပုံ၊ အိမ်ထောင်စုဦးရေစာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ လုပ်ငန်းအတွေ့အကြုံထောက်ခံစာ၊ ရဲစခန်း နှင့် ရပ်ကွက် ထောက်ခံစာ၊ မိဘနှင့် သက်ဆိုင်ရာထောက်ခံစာ၊ လျှောက်ထားသောလုပ်ငန်းအတွက် လျှောက်လွှာတို့နှင့်အတူ (၂၅-၁၁-၂၀၂၅)နေ့ နောက်ဆုံးထားပြီး အမှတ်(၂၄၉)၊ ၂၆ လမ်း၊ ၈၂ × ၈၃ လမ်းကြား၊ မန္တလေးမြို့သို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
( အမှန်တကယ် အလုပ်လုပ်ကိုင်လိုသူများသာ လျှောက်ထားရန် )


### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု ဘဏ္ဍာကျေးရွာအခြေခံမူလတန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်ဘုန်းမြတ်ကို၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ထူး ဖြစ်ပါကြောင်း။

ဦးအောင်ထူး(၈/မဘန(နိုင်)၁၃၂၂၇၆)

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် အောင်ချမ်းသာရွာနေ ဒေါ်အေးမြင့်ရီ (ခ) ဒေါ်အေးမြင့်ရည် (ဘ) ဦးကျင်ရွှေ (၁၄/ဝခမ(နိုင်)၀၇၃၃၈၀)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်အေးမြင့်ရီ(ခ)ဒေါ်အေးမြင့်ရည်
(၁၄/ဝခမ(နိုင်)၀၇၃၃၈၀)

### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့နယ် ဆင်လမ်းရွာနေ မောင်ကောင်းမြတ် (ဘ) ဦးဇော်မင်းအောင်(၉/ပဥလ(နိုင်)၀၈၁၆၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ. 503597)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၉၂၀၉၈၈

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့်ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်းလိုပါတယ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက်တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ်–Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ထူးခြားသည့် ညအပူချိန်များ

(၁၂-၁၁-၂၀၂၅)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၁၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၁၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၁၁ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၁၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် အားကစားနှင့် ကာယပညာသိပ္ပံအသင်းက ဂျပန်ကလပ် တိုကျိုဗာဒီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်



မြန်မာနိုင်ငံကိုယ်စားပြု အားကစားနှင့်ကာယပညာသိပ္ပံအသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိနေသည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု အားကစားနှင့် ကာယပညာသိပ္ပံအသင်းနှင့် ဂျပန်ကလပ် တိုကျိုဗာဒီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အားကစားနှင့် ကာယပညာသိပ္ပံအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ကမ္ဘာ့အဆင့် ထိပ်တန်းကစားသမားများပါဝင်သည့် တိုကျိုဗာဒီအသင်းက အားကစားနှင့် ကာယပညာသိပ္ပံအသင်းကို ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံအသင်းကလည်း အကောင်းဆုံးပြန်လည်တုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် တိုကျိုဗာဒီအသင်းက တစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် တိုကျိုဗာဒီအသင်းက အားကစားနှင့် ကာယပညာသိပ္ပံအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံအသင်းသည် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပထမပွဲစဉ်တွင်လည်း တောင်ကိုရီးယားကလပ် ဆူဝမ်အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီး ယခုအခါတွင်လည်း တိုကျိုဗာဒီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုနှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရပြီး အုပ်စုအဆင့်မှ ထွက်ခွာရမည်ဖြစ်ကြောင်း သိရသည်။ STA

## တရားမဝင်သစ်မျိုးစုံ၊စက်သုံးဆီ၊စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၀



လိုင်စင်မဲ့မော်တော်ယာဉ် (Honda Fit 2013 Model)

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

စာမျက်နှာ - ၂၀

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

စာမျက်နှာ - ၁၈